ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (1-4-2008) (၅၆၄၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော်　　မတ်　　၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၅ နာရီတွင် အထူးလေယာဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Thongkhoun SENGPHACHAN နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁-၄-၂၀၀၈
(အင်္ဂါနေ့)

နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက် တိုင်းရင်းသားလူငယ်များ စက်မှုစွမ်းရည်မြင့်မားတိုးတက်

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုစီးပွားဖွံ့ဖြိုးရေး အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်ပေးနေသည်။

နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးရှေးရှုပြီး အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင် အတတ်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးနေသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ အဆိုပါကောလိပ်နှစ်ခုမှ ဘွဲ့ရတိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးလျက်ရှိသည်။

ထိုနည်းတူ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာတတ်မြောက်ရေး၊ နယ်စပ်ဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးတို့အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း အမှတ်စဉ်(၃/၂၀၀၇) သင်တန်းဆင်းပွဲကို မတ်လ ၁၇ ရက်နေ့က အဆိုပါ သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။ လျှပ်စစ်ဂဟေဆက်သင်တန်း၊ အဆောက်အအုံသင်တန်းနှင့် စက်ပြင်သင်တန်းတို့၌ လောက်ကိုင်၊ ကွမ်းလုံနှင့် အနီးပတ်ဝန်းကျင်ဒေသတို့မှ တိုင်းရင်းသားလူငယ်များ တက်ရောက်သင်ကြားခဲ့ကြသည်။

စက်မှုလက်မှုသင်တန်းကာလမှာ ရက်သတ္တ ၂၄ ပတ်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် လက်တွေ့လုပ်ငန်းသုံးပစ္စည်းများကို နိုင်ငံတော်ကကျခံသုံးစွဲထောက်ပံ့ပေးလျက်ရှိသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့တို့တွင် ဖွင့်လှစ်ပေးထားသည်။ ယခုအခါ နိုင်ငံတော်က တိုင်းရင်းသားလူငယ်များ စက်မှုစွမ်းရည် ဖွံ့ဖြိုးရေး တိုးမြှင့်ဖြည့်ဆည်း သင်ကြားပေးမှုများနှင့်အတူ လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် စက်မှုလက်မှုပညာရပ်များ တတ်မြောက်သည့် စက်မှုစွမ်းရည်မြင့်မားသော တိုင်းရင်းသား စက်မှုလက်မှု အတတ်ပညာရှင်များ ပိုမိုပေါ်ထွက်လာလျက်ရှိပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော **သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် (၂/က)ရပ်ကွက် ဗိုလ်တိုက်ချွန်းလမ်းနေ ပါမောက္ခဗိုလ်မှူးကြီးကျော်ညွန့်-ဒေါက်တာ ဒေါ်ညိုသန်းမူ မိသားစုကအလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀ ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

★ ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်သာမြို့နယ်အသင်း(ရန်ကုန်)နှင့် မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၃၁

(၂၄)ကြိမ်မြောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေနှင့် အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား အသင်းနာယက ဝန်ကြီး ဦးအောင်သောင်း-ဇနီး ဒေါ်ခင်ခင်ရီမိသားစုများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အလှူရှင် ၃၇ ဦးက စုစုပေါင်းငွေကျပ် ၁၈၅၆၀၀၀ ကို ပေးအပ် လှူဒါန်းကြသည်။

ထို့နောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးသန်းအောင်က အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်သွင်း၍ အစည်းအဝေး၏ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ စတုတ္ထအကြိမ် မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း)နှင့် ဂုဏ်ထူးဆောင်နာယကအမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ထူးဆောင်နာယက ဝန်ကြီးဦးအောင်သောင်းနှင့်အလှူရှင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အသင်းအတွင်းရေးမှူး ဦးခင်မောင်မြင့်က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို တင်ပြပြီး အစည်းအဝေး၏အတည်ပြုချက် ရယူကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်သာမြို့နယ်အသင်း နာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် မိသားစုများ (၂၄)ကြိမ်မြောက် တောင်သာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ ဂုဏ်ထူးရကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။
(စက်မှု-၁)

မုံလယ်တောရဓမ္မရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဲခူး(၁၀)မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၁ ရက်(သောကြာနေ့) ညနေအရောက် အိပ်ရာလိပ်ယူဆောင်၍ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော အသောကဓမ္မဗိမာန် လေးထပ်ကျောင်းဆောင်ကြီး အတွက် ကိုသန်းနိုင်-မစန္ဒာက အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းလှူဒါန်း

ရန်ကုန် မတ် ၃၁

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မြန်မာနိုင်ငံ စင်ကာပူအသင်း (Singapore Association of Myanmar) (SAM)မှ ဆေးရုံသုံးပစ္စည်းလှူဒါန်းပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဧည့်ခန်းမ၌ ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E,Mr.Robert Chua Hian Kong၊ မြန်မာနိုင်ငံ စင်ကာပူအသင်း (SAM)ဥက္ကဋ္ဌ Mr. Teddy Chia နှင့် ကော်မတီအသင်းဝင်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စီမံခန့်ခွဲရေးအဖွဲ့ဝင် ပါမောက္ခ ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E,Mr.Robert Chua Hian Kongက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စင်ကာပူအသင်း (SAM)ဥက္ကဋ္ဌနှင့် သံအမတ်ကြီးတို့က ငွေကျပ် ၁၀၄ သိန်း ကျော်တန်ဖိုးရှိ ရောဂါရှာဖွေရေး စက်ကိရိယာဖြစ်သော တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound) ကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာထံ ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းဆေးရုံသုံး စက်ကိရိယာပစ္စည်းများကို မြန်မာနိုင်ငံ စင်ကာပူအသင်း (SAM) မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသလျက်ရှိသော လူနာများအတွက် (SAM)၏ အမျိုးမျိုးသော ပရဟိတ လှုပ်ရှားမှုများမှရရှိသောငွေများကို စုဆောင်း၍ လှူဒါန်းခြင်းဖြစ်သည်။ (သတင်းစဉ်)

တစ်စိတ်ဝမ်း တစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမှု ရယူကြ

ဥပတ္ထမ္ဘကတစ်ဦး

- **လောက၌ သတ္တဝါအားလုံးတို့ အကျိုးစီးပွား ရရှိနိုင်စေရန် ဘုရားရတနာ ပွင့်ထွန်းလာပေသည်။**
- **လောက၌ သတ္တဝါအားလုံးတို့ ချမ်းသာခြင်း ရရှိစေရန် တရားရတနာ ဖြစ်ထွန်းလာပေသည်။**
- **လောက၌ သတ္တဝါအားလုံးတို့ ကုသိုလ်တရား ရရှိနိုင်စေရန် သံဃာရတနာ ဖြစ်ပေါ်လာပေသည်။**

ဤကဲ့သို့ သုတ္တနိပါတ် အဋ္ဌကထာကျမ်းကြီး၌ ရေးသားဖော်ပြထားသည့်အတိုင်း သုံးလောကထွတ်တင်သဗ္ဗညုဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား သံသရာဝဲဩဃမှ လွတ်မြောက်ကြစေရန် သတ္တဝါအသီးသီးတို့၏ စရိုက်လက္ခဏာ၊ ဉာဏ်ရည် အတိမ်အနက်၊ ပါရမီဓာတ်ခံ အနုအရင့်တို့ကို လိုက်၍ တရားဒေသနာတော်များကို (၄၅)ဝါ ကာလပတ်လုံး နှုတ်မြွက်ဟောဖော် ဖြေချွတ်တော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တရားအနှစ်သာသနာအစစ်တို့မှာ သင်ယူလေ့ကျက်မှတ်သားလိုက်နာရသော ပရိယတ္တိ သာသနာတော်၊ ထိုပရိယတ္တိ သာသနာတော်မှ ညွှန်ပြသည့်ကျင့်စဉ်အတိုင်း လက်တွေ့လိုက်နာ ကျင့်ကြံအားထုတ်ရသော ပဋိပတ္တိ သာသနာတော်၊ ထိုပဋိပတ္တိ သာသနာတော်၏ အကျိုး ထိုးထွင်းသိမြင်ရရှိလာသည့် မဂ်ဖိုလ်နိဗ္ဗာန်မည်သော ပဋိဝေဓ သာသနာတော် ဟူ၍ သာသနာတော်မြတ် သုံးရပ်ပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ထိုသာသနာတော်မြတ်များမှ ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာဟုဆိုအပ်သော ပိဋကတ် သုံးဖြာ၊ နိကာယ် ငါးရပ်တို့ကို ကာလအားလျော်စွာ၊ ဒေသအားလျော်စွာ၊ ပုဂ္ဂိုလ်အားလျော်စွာ၊ အကြောင်းအတ္ထုပ္ပတ္တိ အားလျော်စွာ ဟောကြားတော်မူခဲ့ပါသည်။ မဟာပရိနိဗ္ဗာန်သုတ်တော်တွင် ဘုရားရှင်ကိုယ်တော်တိုင်က **"ထိုဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကတို့သည် ဘုရားပရိနိဗ္ဗာန် စံတော်မူလျှင် သင်ချစ်သားတို့၏ ဆရာဘုရားပင်ဖြစ်ပေမည်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဘုရားအရာ၌ တည်ရစ်ကြရကား ချစ်သားတို့ကို ဆုံးမရစ်ကြပေလိမ့်မည်"**ဟု မိန့်ကြားတော်မူခဲ့ကြောင်း သိရှိရပါသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားဒေသနာတော်အစုစုတို့မှာ စင်စစ်အားဖြင့် မြတ်စွာဘုရားရှင်၏ ကိုယ်စားတော်အဖြစ် တည်ရာမှီရာ အားကိုးအားထားရာသာ ဖြစ်ပါပေသည်။

ဤသို့သော ဘုရားရှင်၏ ကိုယ်စားတော်အဖြစ် လိုက်နာကျင့်ကြံရမည့် အမြိုက်တရား စုပေါင်းထားသော ပိဋက သုံးသွယ်၊ နိကာယ် ငါးရပ်၊ သာသနာတော်မြတ်တို့ သန့်ရှင်းခိုင်ကျည် စွဲမြဲတည်ရေးသည်လည်းကောင်း၊ ဝေစည်ပြန့်ပွား ထွန်းကားစေရေးသည်လည်းကောင်း ကြီးမားသော အရေးကိစ္စတာဝန်ဖြစ်ကြောင်း သိတော်မူခဲ့ကြသော ရဟန္တာထေရ်ရှင်မြတ်တို့သည် စုပေါင်းရွတ်ဆို တည်းဖြတ်စိစစ်ကာ သင်္ဂါယနာ အတန်တန် တင်တော်မူခဲ့ကြပါသည်။

အရှင်မဟာကဿပ အစရှိသော ရဟန္တာမထေရ်မြတ်ကြီးတို့သည် မိမိတို့ နှုတ်ငုံဆောင်ထား၊ ရင်ထဲနှလုံးထဲခေါင်းထဲ၌ စွဲမှတ်ထားခဲ့ကြသော တရားအစုစုတို့ အပိုအလို မရှိစေရေး၊ ဘုရားရှင် ဟောကြားခဲ့သည့်အတိုင်း ရှိစေရေး၊ ဆေးကြောစစ်ဆေးသည့်အနေဖြင့် တစ်ပြိုင်နက် စုဝေးရွတ်ဆိုမေးဖြေညှိနှိုင်း စိစစ်လျက် ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။ ပထမအကြိမ် သင်္ဂါယနာ တင်ပြီးသောအခါ ဝိနည်းပိဋကတို့ကို အရှင်ဥပါလိ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ သုတ္တန်ပိဋကတို့ကို အရှင်အာနန္ဒာ၏ တပည့် အဆက်ဆက်တို့က လည်းကောင်း၊ အဘိဓမ္မာပိဋကတို့ကို အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း တာဝန်ယူဆောင်ရွက်ကြရန် အသီးသီး ခွဲဝေသတ်မှတ်ခဲ့ပါသည်။

ဤသို့ဖြင့် ဘုရားမှစပါ၍ တရားတော်မြတ်အပေါင်းကို ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာသို့တိုင်အောင် ဘုရားရှင်၏ သားတော် သံဃာတော်ထေရ်ရှင်တို့သည် အစဉ်အဆက် နှုတ်တက်အာဂုံ ဆောင်ထားကြရာမှ သင်အံမှတ်ကျက် ဆက်လက်ပို့ချ နည်းပြတိုးမြှင့် အဆင့်ဆင့် ပေစာ ကျောက်စာ ထုချုပ် ကျမ်းစာ အုပ်များအထိ တည်ရှိစေကာ နှလုံးအိမ်တွင်လည်း ပြက်ပြက်ထင်ရှား စွဲမှတ်သားခဲ့ကြပါသည်။

မြတ်စွာဘုရားရှင်၏ ဒေသနာတော် အဆုံးအမတရားတော်များကို မှတ်သားလိုက်နာကျင့်ကြံကြိုးကုတ်အားထုတ် ဆောင်ရွက်တော်မူကြ၍ သာသနာ့တာဝန်များကို အစဉ်အဆက် မပျက်မယွင်း ထမ်းဆောင်ခဲ့ကြသူများမှာကား သုပ္ပဋိပန် အကျင့်မှန်သည့် သံဃာထေရ်ရှင်တို့ပင် ဖြစ်ပါသည်။ မျက်မှောက် တမလွန် နှစ်တန်သော ချမ်းသာ၊ လူနတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာ၊ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးနှင့် တကွ နိဗ္ဗာန်အမတ သုခချမ်းသာ အဖြာဖြာတို့ကို ရရှိစေနိုင်သည့် လမ်းကောင်းနည်းမှန်တို့ကို ညွှန်ကြားပြသဆုံးမပေးနိုင်သည့် ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ်ဖြစ်သော သံဃာတော်တို့သည် "ဗုဒ္ဓသာသန ဘာရော အဝဿံ အာဝဟိတဗ္ဗော" ဟူသည်နှင့်အညီ သာသနာတော်တာဝန်ကို မလွှဲမသွေ ထမ်းဆောင်ရမည့်တာဝန်များ ရှိနေပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းတွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ် မေလ ၂၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပ၍ သာသနာတော်ကြီးသန့်ရှင်း တည်တံ့ပြန့်ပွားထွန်းကားစေရန်၊ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး၍ သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် ဓုရနှစ်ပါးကို ကိုယ်စိတ်ချမ်းသာစွာ ထမ်းဆောင်၍ သာသနာတော်သုံးရပ်အတွက် ဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြရန် စသော ရည်ရွယ်ချက်များ အခြေခံလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ကို နောက်ဆုံးထား၍ စာရင်းစိစစ်ပြီးသောသံဃာဂိုဏ်းကြီး(၉)ဂိုဏ်းကိုသာ ဆက်လက်တည်ရှိခွင့်ပြုပြီး ဂိုဏ်းသစ်များ ခွဲခြားတည်ဆောက်မှုကို တားမြစ်ထားပါသည်။

ဤသို့ဖြင့် နိုင်ငံတော်အတွင်းတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သံဃာတော်အပေါင်းတို့သည် "သာသနာ့တာဝန် ဒို့တာဝန်"ဟုခံယူကာ ထမ်းဆောင်တော်မူကြသောကြောင့် သာသနာ့ အလင်းရောင်သည် တိုးတက်ထွန်းထိန် ဂုဏ်ရှိန်မြင့်လျက်ရှိပါပေသည်။ ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်သော ဝိနည်းတရားတော်သည် လဇ္ဇီပုဂ္ဂိုလ်တို့၌သာလျှင် တည်သည် ဖြစ်ပါသည်။ ထိုသို့တည်သဖြင့်လည်း အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူသော သိက္ခာသုံးပါးတို့ ပြည့်စုံသည်ဖြစ်၍ သာသနာတော်တည်သည် မည်ပါသည်။ စင်စစ်အားဖြင့်လည်း သံဃာဆိုသည်မှာ ဥတ္တိစတုတ္ထဥပသမ္ပဒ ကမ္မဝါစာဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ၍ ဗုဒ္ဓမြတ်စွာ၏ အယူသီလ တူမျှသော ရဟန်းအပေါင်းကို ဆိုပါသည်။ သံဃာဟူသော စကားရပ်တွင် သိက္ခာမတင်၊ သိမ်မဝင်၊ ဝိနည်းပျက်စီး၊ အချည်းနှီးကျင့်မှား၊ တရားမညီ၊ အလဇ္ဇီများ မပါရှိပါပေ။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများအား တွေ့ရစဉ်။

သာသနာတော်ကို အရှည်ခံ၍ တည်တံ့စေရန်လည်းကောင်း၊ စည်ပင်ပြန့်ပွားထွန်းကား စေရန်လည်းကောင်း ဆောင်ရွက်တော်မူကြသော ပုဂ္ဂိုလ်မြတ်များတွင် ထူးခြားထင်ရှားသည့် ပုဂ္ဂိုလ်ကျော်များကို အမြတ်ဆုံးဘွဲ့၊ အထူးခြားဆုံး ဘွဲ့ထူး ဂုဏ်ထူးများဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်တော်မူခဲ့ပါသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိမိတို့၏ ရှေးဆုတောင်းကောင်းမှု ပါရမီအားလျော်စွာ ထူးချွန်ကြသော မထေရ်မြတ် ၄၁ ပါး၊ ထေရီ ၁၃ ပါး၊ ဥပါသကာ ၁၃ ဦး၊ ဥပါသိကာမ အမျိုးသမီး ၁၀ ဦးတို့အား အမြတ်ဆုံး၊ အသာဆုံးဟု အဓိပ္ပာယ်ရသည့် ဧတဒဂ်ဟူသောဘွဲ့ဖြင့် ထုတ်ဖော်မြွက်ဟ ချီးကျူးတော်မူခဲ့ပါသည်။ ပညာအရာ၌ သာလွန်ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပညာဧတဒဂ်ဘွဲ့၊ တန်ခိုးအရာ၌ သာလွန်ထူးချွန်သော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးအား ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့၊ တရားဟောရာ၌ သာလွန်ထူးချွန်သော အရှင်မ ဓမ္မဒိန္နာအား ဓမ္မကထိက ဧတဒဂ်၊ ဝိနည်းအရာ၌ သာလွန်ထူးချွန်သော အရှင်မ ပဋာစာရီထေရီအား ဝိနယဓရဧတဒဂ်၊ အလှူဒါနပြုရာ၌ သာလွန်ထူးချွန်သော အနာထပိဏ်သူဌေးကြီးအား ဒါယကာဧတဒဂ်ဘွဲ့၊ လူနာများကို ပြုစုလုပ်ကျွေးရာ၌ သာလွန်ထူးချွန်သော သုပ္ပိယာ အမျိုးသမီးအား ဂိလာနုပဋ္ဌာကီဧတဒဂ် စသည်ဖြင့် ပါရှိပါသည်။

မြန်မာနိုင်ငံ၏ ခေတ်ဦးပုဂံခေတ်တွင် ထူးခြားထင်ရှားသော သာသနာပြုမထေရ်မြတ်ကြီးများအား ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ဆက်ကပ်ပူဇော်ခဲ့ကြောင်း သိမှတ်ရဖူးပါသည်။ ကျန်စစ်သားမင်းလက်ထက်တွင် သံဃသေနမထေရ်အား ဝရပဏ္ဍိတဘွဲ့၊ အလောင်းစည်သူမင်းလက်ထက်တွင် ဓာတွတ္ထ သာရကျမ်းပြု မထေရ်အား မဟာအဂ္ဂပဏ္ဍိတဘွဲ့၊ ကျစွာမင်းလက်ထက်တွင် သဒ္ဒနီတိကျမ်းပြု မထေရ်အား အဂ္ဂဝံသ အဂ္ဂပဏ္ဍိတဘွဲ့ စသည်ဖြင့် အသီးသီး ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ပုဂံခေတ်နည်းတူပင် စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ်များတွင်လည်း သာသနာရေးနှင့်စပ်လျဉ်းသော ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။ သိရီစတုရင်္ဂဗလဘွဲ့၊ မဟာသံဃနာထဘွဲ့တို့မှာ ထင်ရှားလှပါသည်။ သာလွန်မင်းတရားလက်ထက်တွင် တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသအား မဟာတိပိဋကာလင်္ကာရဘွဲ့ကို ဆက်ကပ်ခဲ့ကြောင်းလည်း သိရှိရပါသည်။

ကုန်းဘောင်ခေတ်တွင် သီပေါမင်းလက်ထက်၌ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်ကို အဆင့်ငါးဆင့် ခွဲခြားထားပါသည်။ သာသနာပိုင်ဆရာတော်အား ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်မှာ မာလာလင်္ကာရဓဇ ဓမ္မသေနာပတိအတုလာဓိပတိ သီရိပဝရမဟာဓမ္မရာဇဓိရာဇဂုရုဟူ၍ ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်တွင် ရဟန်းတော်မထေရ်မြတ်များကိုသာမက လူပုဂ္ဂိုလ်များအားလည်း သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခဲ့ကြောင်း သိမှတ်ရပါသည်။

ပထမဦးဆုံး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲကို ၁၉၁၅ခုနှစ် နိုဝင်ဘာလ ၇ရက်နေ့တွင် မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားအနီး သုဓမ္မာရွှေဇရပ်တော်၌ ကျင်းပခဲ့ပါသည်။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဦးစွာခံယူရရှိတော်မူသော ဆရာတော်ကြီးများမှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ အပါအဝင် ဆရာတော်ကြီး ၁၁ပါးနှင့် ရန်ကုန်မြို့ ပါဠိဆရာကြီး ဆရာဖြေတို့ ဖြစ်ကြပါသည်။

ဤကဲ့သို့အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သာသနာပြု မင်းကောင်း မင်းမြတ်များ၊ ခေတ်အဆက်ဆက် အစိုးရများသည် သာသနာ့တာဝန်ကို ထူးထူးချွန်ချွန် ထမ်းဆောင်ခဲ့ကြသူများအား ဘွဲ့ထူးဂုဏ်ထူးများဖြင့် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

သန်လျင်မြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

အကြိမ်(၆၀)မြောက် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဖြေဆိုအောင်မြင်တော်မူခဲ့သည့် ဒွိပိဋကရေ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျင်ကျောင်းတိုက်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသာလင်္ကာရနှင့် ဥဘတော ဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ စန္ဒာဝရာလင်္ကာရတို့အား သိက္ခာထပ်မင်္ဂလာ အခမ်းအနားနှင့် ဂုဏပူဇာ မင်္ဂလာ အခမ်းအနားကို မတ် ၂၃ရက်တွင် အဆိုပါ စာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက်ရှိ ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေ ဩဝါဒါစရိယ ဘဒ္ဒန္တအာဒိစ္စထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဖြစ်တော်မူကြသည့် ဘဒ္ဒန္တ ဣန္ဒောဘာသာ လင်္ကာရနှင့် ဘဒ္ဒန္တ စန္ဒာဝရာလင်္ကာရ တို့၏ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ကြသည်။

ထို့နောက် မဟာခေမိကာရာမ ရွှေကျင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါသုဒေဝက သာဓုအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အလှူရှင် ဆရာကြီး အရပ်ဆရာအောင် - ဒေါ်နှင်းရည်ကျော် မိသားစုနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

မြသီတာကမ္မဋ္ဌာန်းကျောင်း တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း လှိုင်မြို့နယ် မြကန်သာ (၄)လမ်း ဆရာလေး ဒေါ်ကေသီ၏ မြသီတာ ကမ္မဋ္ဌာန်းကျောင်း တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝဏ္ဏိတ (ဓမ္မာစရိယတန်း) အရှင်မြတ်နှင့် ဦးဖေအောင်တို့က ဟောကြားပြသမည်ဖြစ်ရာ (တန်ခူးလဆန်း ၆ရက်) ဧပြီ ၁၁ရက် (သောကြာနေ့) ညနေ ၅နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်လာသူများ တွေ့ဆုံပွဲသို့တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Hotel (၁၄)ထပ်ရှိ Sky Lounge Private Room ၌ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်လာသူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မဟာမဲခေါင်ဒေသခွဲစီးပွားရေးအဖွဲ့ ဒါရိုက်တာအဖွဲ့ဝင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်ခေါင်းဆောင်သည့် အဖွဲ့ဝင်များ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဒုတိယဥက္ကဋ္ဌ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ညှိနှိုင်းရေးမှူးများ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက ဆောင်ရွက်ပြီး ရှေးဦးစွာ သဘာပတိကအဖွင့် မိန့်ခွန်းပြောကြားသည်။

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း စီးပွားရေးလုပ်ငန်း ဖိုရမ်အတွင်းရေးမှူးချုပ် မစ္စတာအူဒေးဆူဗန်နာဗောင် (Mr. Oudet Souvannavong)က မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း စီးပွားရေးဖိုရမ်သဘာပတိ မစ္စတာဟွမ်ဗန်ဇွန်း (Mr. Hoang Van Dung) က မဟာမဲခေါင်ဒေသများကြား သယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဟာမဲခေါင်ဒေသတွင်း စီးပွားရေးဖိုရမ်နှင့်ဘုတ်အဖွဲ့ သဘာပတိဟောင်းနှင့် လက်ရှိ အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာဂျန်ဂျိုင်ဟန်ချန်လာ့ရှ် (Dr. Jingjai Hanchanlash) က ပို့ကုန်ဈေးကွက်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပါဝင်မှုတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မဲခေါင်ဒေသခွဲကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ဝင်ခြောက်နိုင်ငံတို့မှ အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်ပုဂ္ဂိုလ်များသည် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း အထွေထွေ ဖွံ့ဖြိုးတိုးတက်မှုများ တိုးမြှင့်လာစေရေးအတွက် ထိရောက်သော ဆွေးနွေးမှုများကို ပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အပြန်အလှန် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြကြောင်း။

ယခုနှစ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်မှာ ကမ္ဘာ့အဝန်း စီးပွားရေးကူးလူးဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲကို အပိုင်းသုံးပိုင်းဖြင့် ဘာသာရပ်သုံးခုအား ဆွေးနွေးကြရာ၌ ပထမဘာသာရပ်အဖြစ် မဲခေါင်ဒေသခွဲအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကိုလည်းကောင်း၊ ဒုတိယဘာသာရပ်အဖြစ် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး သဘောတူညီချက် အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ဖြစ်နိုင်ဖွယ်ရှိသော အခန်းကဏ္ဍများကိုလည်းကောင်း၊ တတိယ ဘာသာရပ်အဖြစ် ပို့ကုန်ဈေးကွက်တွင် မဲခေါင်ဒေသ အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးမြှင့်ပါဝင်ဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာအဖွဲ့၏ နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း။

လက်ရှိအခြေအနေတွင် မဲခေါင်ဒေသခွဲတွင်း ပေါင်းစည်းမှု ဖွံ့ဖြိုးလာသည်နှင့်အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုတိုးမြှင့်လာသကဲ့သို့ စိန်ခေါ်မှုများမှာလည်း ပိုမိုများပြားလာကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီးဒေသတွင်း နိုင်ငံများအတွင်း အပြန်အလှန် အကျိုးကျေးဇူးများ ဖြစ်ပေါ်လာစေရန်မှာ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသာ ဖြစ်နိုင်မည်ဟု အလေးအနက် ယုံကြည်ကြောင်း။

နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး သဘောတူညီချက် (CBTA)ကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းသည် ဒေသတွင်း ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်ကို အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် မည်သို့ မည်ပုံ ပါဝင်ဆောင်ရွက်နိုင်မည်ကို ဖြစ်နိုင်ဖွယ်ရှိမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် မဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် (GMS Business Forum) အနေဖြင့် ကမကထပြု ဆောင်ရွက်သွားသင့်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း၊ အဆိုပါ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းသည် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေခြင်းမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ အများအပြား လိုအပ်သည့် အခြေခံအဆောက်အအုံ စီမံကိန်းများတွင် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတို့ ပေါင်းစပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုခရီးရောက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးတွင်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှာ အဓိက အခြေခံဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် နိုင်ငံတော်ပိုင် ရင်းနှီးမြှုပ်နှံမှုသာမက ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ပေးထားကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဟူ၍ ဥပဒေနှစ်ရပ် ပြဋ္ဌာန်းထားရှိကြောင်း။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသို့ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းတည်ဆောက်ရေး လုပ်ငန်းများ၊ ဘက်စုံဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကုန်တင်ကုန်ချ ဝန်ဆောင်မှုလုပ်ငန်းများ၊ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုထားကြောင်း။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိက လုပ်ငန်းရှင်များအား လမ်းသစ်တည်ဆောက်ခြင်းနှင့် တည်ရှိပြီးလမ်းများအား မွမ်းမံပြင်ဆင်သည့်လုပ်ငန်းများ၊ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းနှင့် ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ အဆိုပါ လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသော လုပ်ငန်းများဖြစ်သဖြင့် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာ အထောက်အကူပြုစေကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း။

အဆိုပါ သဘောတူ စာချုပ်များသည် ဒေသခွဲနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို အားပေးထားခြင်းပင်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများနှင့် အခြားအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များကို ဆောင်ရွက်ခွင့်ပြုထားကြောင်း။

မဲခေါင်ဒေသခွဲ နိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ မဟာဗျူဟာဘောင်စီမံကိန်း (SFA-TFI)ကို တစ်နိုင်ငံချင်းအနေဖြင့်သော် လည်းကောင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့်သော် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများတွင် အဓိကအောင်မြင်မှု တစ်ရပ်မှာ ဒေသခွဲနိုင်ငံများအတွင်း အဓိက သယ်ယူပို့ဆောင်ရေး စင်္ကြံလမ်းကြောင်းကြီး သုံးခု ပြီးစီးလုနီးပါးဖြစ်နေခြင်းပင်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးအပိုင်းများ တိုးတက်ကောင်းမွန်လာခြင်းနှင့်အတူ သယ်ယူပို့ဆောင်ရေး စင်္ကြံများအား စီးပွားရေးစင်္ကြံအဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေရန် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးကိစ္စရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ စီးပွားရေးစင်္ကြံလမ်းကြောင်းများအဖြစ် အောင်မြင်စွာပြီးမြောက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများ များစွာလိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါက အမှာစကားပြောကြားသည်။ ယင်းနောက် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းသင်္ကြန် ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန် တောရကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျသည် တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလပြည့်နေ့ (ဧပြီ ၁၁ ရက်မှ ၂၀ ရက်)အထိ မူလကသစ်ဝိုင် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးဇာနိဿရ (သဒ္ဓမ္မဇောတိကဓဇ)၊ ဦးနိ (ပါရမီ) တရားပြ ဆရာကြီးများနှင့်အတူ အလုပ်ပေး ၁၀ ရက် တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ရဟန်းရှင်လူယောဂီ သူတော်စင်များအနေဖြင့် ရွှေမင်းဝန် တောရ ကမ္မဋ္ဌာန်းကျောင်းတိုက် ဖုန်း-၆၃၈၀၈၇၊ ၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားအားထုတ်လိုသူများသည် မိမိတို့၏ တစ်ကိုယ်ရေအသုံးအဆောင်များ တစ်ပါတည်းယူဆောင်လာ၍ ဧပြီ ၁၁ ရက် ညနေအရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုတည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် လာအိုအမျိုးသားယဉ်ကျေးမှုအကအဖွဲ့က အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ခွန်းဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ရက် ည ၇နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel ဒုတိယထပ်ရှိ Convention Hall Zone A ၌ ကျင်းပသော လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းက မဟာမဲခေါင် မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဂုဏ်ပြုညစာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ညစာစားပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ ညစာသုံးဆောင်သည်။

ညစာသုံးဆောင်နေစဉ်အတွင်း လာအိုအမျိုးသားယဉ်ကျေးမှုအကအဖွဲ့က အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။ ဖျော်ဖြေတင်ဆက်မှုအပြီးတွင် GMS ခေါင်းဆောင်များသည် လာအိုအမျိုးသားယဉ်ကျေးမှု အဆို၊ အကအဖွဲ့ များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ညစာစားပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုနိဗ္ဗာန်ဈေးပွဲတော် ဆင်နွှဲမည်

ရန်ကုန် မတ် ၃၁

ကြံခင်းမြို့၌ နှစ်စဉ်ကျင်းပသော နှစ်(၅၀)ပြည့် ရွှေရတုနိဗ္ဗာန်ဈေးပွဲတော်သို့ လိုက်ပါလိုသော အသင်းသူ၊ အသင်းသားများ၊ ရန်ကုန်မြို့ရောက်ကြံခင်းသူ၊ ကြံခင်းသားများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဧပြီ ၃ရက်နောက်ဆုံးထား၍ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၆၃၆၇၈၀၊ ဦးစိန်ရွှေ (အတွင်းရေးမှူး)ဖုန်း-၆၆၃၄၈၉၊ ၀၉ ၅၁၃၂၁၅၈၊ ဒေါ်တင်တင်ထွေး (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် (အလုပ်အမှုဆောင်အဖွဲ့ဝင်) ဖုန်း-၆၅၁၂၄၇၊ ၀၉၉၉၇၃၆၂၈နှင့် ဒေါက်တာ ကျော်စိုးလင်း (အလုပ်အမှုဆောင် အဖွဲ့ဝင်) ဖုန်း-၀၉၅၀၉ ၅၈၃၅ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၃၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှနောက် (၄၈)နာရီအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	“မရဏ နုဿတိ ကိုယ်တိုင်ကျင့်သုံးရေး”တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၇:၄၀-၁:၄၀	ထိရောက်အကျိုးရှိသော စွမ်းအင်အသုံးချမှုမှသည်
၈:၀၀-၂:၀၀	တေးဂီတအစီအစဉ်
၈:၀၅-၂:၀၅	Sunday Talk
၈:၄၀-၂:၄၀	တေးဂီတအစီအစဉ်
၈:၄၅-၂:၄၅	ပတ္တမြားမြေရဲ့အလှသက်သေ
၉:၀၀-၃:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀	Shopping Guide (NOKIA)
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၉:၅၀-၃:၅၀	ဂမုန်းရေလှောင်တမံ
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀	ရွှေညာမြေမှလက်ဆောင်မွန်
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	Biz Net
၁၀:၄၀-၄:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅-၄:၄၅	လေ့လာမှတ်သားစရာ တိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ (အနာပေါက်နှင့်အပ်စိုက်ကုသနည်း)
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသောပန်းကလေးများ
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ“မျက်ရည်တံခါး”
၁၂:၂၅-၆:၂၅	Music Gallery (ဇော်ပိုင်-ရွှေရောင်နှစ်သစ်)
၁၂:၅၀-၆:၅၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League(Semi-Final) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Roma-Man:Utd	ESPN(Live)
	Schalke-Barcelona	Star Sports(Live)

အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ် (၂)

စည်သူအောင်

(ယမန်နေ့မှ အဆက်)

“၁၉၄၇ ခုနှစ် အခြေခံဥပဒေရဲ့ အကျိုးဆက်တွေကို သင်ခန်းစာယူပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေကျတော့ တိုင်း (၇)တိုင်း၊ ပြည်နယ် (၇) ပြည်နယ်နဲ့ တစ်ပြည်ထောင်စနစ်ကို ရွေးလိုက်ကြတဲ့သဘောထင်တယ်”

“၁၉၇၄ခုနှစ် အခြေခံဥပဒေမှာ အစကတည်းက ဒီပုံစံကို တစ်ခါတည်း ပုံသေဆွဲယူခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ ၁၉၄၇ခုနှစ် အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ကွဲပြားတာက ၁၉၄၇ ခုနှစ်ကလို ဥပဒေပညာရှင်တွေနဲ့ မူကြမ်းရေးဆွဲရေးကော်မတီက အစပျိုးပြုစုပြီးမှ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အချောကိုင်တာမျိုးမဟုတ်ဘဲ ပြည်သူလူထုရဲ့ အကြံဉာဏ်ကိုရယူပြီးမှ ဆန္ဒခံယူပွဲမှာ အတည်ပြုမယ့် ဖွဲ့စည်းပုံကို ပြည်သူတွေရဲ့ အကြံပေးချက်အပေါ် မူတည်စဉ်းစားရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

“ပြည်သူတွေက စာနဲ့တစ်မျိုး၊ တစ်ဦးချင်းနဲ့ အဖွဲ့လိုက် လူကိုယ်တိုင်တင်ပြလာတာတစ်ဖုံ ပေးလာတဲ့ အကြံပြုချက်တွေကို စုစည်းခဲ့တဲ့အပြင် ကော်မရှင်အဖွဲ့ခွဲ ၁၅ခုနဲ့ နိုင်ငံအနှံ့သွားပြီး ဆန္ဒကောက်ယူစုံစမ်းခဲ့တဲ့အထဲက ပုံစံတူတွေကို စုစည်းပြီး နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်မှု နမူနာပုံစံကြမ်း ၆ ခုကို ထုတ်ယူနိုင်ခဲ့တယ်။ အဲဒီပုံစံတွေထဲမှာ တိုင်းနဲ့ ပြည်နယ်တွေ မခွဲခြားထားတော့ဘဲ မြို့နယ်အဆင့်ကနေ ဗဟိုပြည်သူ့လွှတ်တော်ကို တိုက်ရိုက်တာဝန်ခံ ဖွဲ့စည်းတဲ့စနစ်က နှစ်မျိုးပါတယ်။ ပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ ဥက္ကဋ္ဌကတော့ နိုင်ငံတော်သမ္မတပေါ့။ အဲဒီစနစ်နှစ်မျိုးမှာ တစ်မျိုးကတော့ ရိုးရိုးပုံစံဖြစ်ပြီး နောက်တစ်မျိုးကတော့ တိုင်းရင်းသားကောင်စီ ၁၁ခုကို လွှတ်တော်မှာ ဖွဲ့စည်းပြီးမှ ဒီကောင်စီတွေက သဘာပတိအဖွဲ့ဝင်တွေ ရွေးချယ်ဖို့ ပုံစံဖြစ်တယ်။

“တိုင်း (၇)တိုင်း၊ ပြည်နယ် (၇)ပြည်နယ်ပုံစံကလဲ နှစ်မျိုးပါတယ်။ အဲဒီစနစ်ပုံစံမှာလည်း ပြည်နယ်အစိုးရပါတဲ့ပုံစံနဲ့ မပါတဲ့ပုံစံဆိုပြီး နှစ်မျိုးကွဲပြားတယ်။ ကျန်တဲ့ပုံစံနှစ်ခုကတော့ (၈) ပြည်နယ်ပုံစံနဲ့ တိုင်း(၉)တိုင်း၊ ပြည်နယ် (၄)ပြည်နယ်ပုံစံတွေပါ။

“နယ်မှာဆင်းပြီး လူထုဆန္ဒခံယူခဲ့ကြရာမှာ တင်ပြခဲ့ကြတဲ့ လူပေါင်း ၁၃၀၀ လောက်အနက်က ၆၀ ရာခိုင်နှုန်းလောက်က တစ်ပြည်ထောင်စနစ်ကို ထောက်ခံလိုလားကြတယ်။ ၁၉၄၇ ပုံစံ လက်ရှိ ပြည်ထောင်စုစနစ်ကိုပဲ နှစ်သက်သူက ၂၅ရာခိုင်နှုန်းလောက်ရှိပြီး ဖက်ဒရယ်စနစ်ကို လိုလားသူတွေက ၁၀ ရာခိုင်နှုန်းလောက်ရှိတာကို တွေ့ရတယ်။ ဒီလို ပြည်သူလူထုရဲ့ဆန္ဒကို လိုက်နာရတာလည်း တစ်ကြောင်း၊ ပြည်နယ်မရသေးတဲ့ တိုင်းရင်းသားအုပ်စုကြီးတွေရဲ့ လိုလားချက်ဆန္ဒကို ဖြည့်ဆည်းပေးလိုတာကလည်းတစ်ကြောင်း နိုင်ငံရေးအရ တစ်ပါတီ ဗဟိုဦးစီးစနစ်နဲ့ သွားဖို့ ဆုံးဖြတ်ထားတာလည်းတစ်ကြောင်းမို့ အခြေအနေအချိန်အခါနဲ့ ကိုက်ညီခဲ့တဲ့ တိုင်းနဲ့ ပြည်နယ် ၁၄ ခုပုံစံကို ရွေးခဲ့တာပဲ။ ဒါကြောင့် ပြည်နယ် မရသေးတဲ့ မွန်တိုင်းရင်းသားတွေအတွက် တနင်္သာရီတိုင်း (၁)ကို မွန်ပြည်နယ်၊ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်၊ ရခိုင်တိုင်းကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ပေးလိုက်ပြီး ပြည်နယ်(၇) ပြည်နယ်ဖြစ်လာခဲ့တာပေါ့”

“၁၉၇၄ခုနှစ် အခြေခံဥပဒေကလည်း ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်မှုတွေရဲ့ အားနည်းချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာရေစီးကြောင်းနဲ့အတူ ၁၉၈၈ခုနှစ်မှာ အဆုံးသတ်သွားခဲ့ရတယ် မဟုတ်လား။ အဲဒီကနေ နိုင်ငံတော်တာဝန်ကို တပ်မတော်အစိုးရက ယူခဲ့ရပြီးတဲ့နောက် အမျိုးသားညီလာခံကနေ အခုထွက်ပေါ်လာတဲ့ အခြေခံဥပဒေမူကြမ်းမှာရော ပြည်ထောင်စုနဲ့ပြည်နယ်ဖွဲ့စည်းပုံတွေက ဘယ်လိုလဲဆိုတာရှင်းပြစမ်းပါဦး”

“အခု အခြေခံဥပဒေမူကြမ်းမှာတော့ တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ်(၇)ပြည်နယ်ကိုပဲ အခြေခံတာပါ။ ၁၉၇၄ခုနှစ် အခြေခံဥပဒေနဲ့ မတူတာက တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ ကိုယ်ပိုင်လွှတ်တော်၊ အစိုးရနဲ့ တရားလွှတ်တော်တွေရှိပြီး အာဏာသုံးရပ်ကို ခွဲဝေပေးထားတာပဲ။ ဒါ့အပြင်ဒို့နိုင်ငံရဲ့ ပကတိအခြေအနေအရ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ကျော်ရှိနေတာဆိုတော့ လူဦးရေ အတန်အသင့်များပြားတဲ့ တိုင်းရင်းသားလူမျိုးစုတွေအတွက် ကိုယ်ပိုင်ပြဋ္ဌာန်း အုပ်ချုပ်ခွင့်ရရှိအောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့ဆိုတာတွေလည်း ပြဋ္ဌာန်းပေးထားတယ်။ ဒါကြောင့်“ဝ”တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွဲ့စည်းခွင့်ရရှိပြီး နာဂ၊ ဓနု၊ပအိုဝ်း၊ပလောင်၊ ကိုးကန့်တိုင်းရင်းသားတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရခဲ့တယ်။ ဒါ့အပြင် ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသသော်လည်းကောင်း မရရှိကြသေးတဲ့ တိုင်းရင်းသားများအနက် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအတွင်း နေထိုင်တဲ့ လူဦးရေအရေအတွက်ဟာ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းထက်ကျော်ရင် အဲဒီတိုင်းရင်းသားများအတွက် သက်ဆိုင်ရာပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်မှာ မိမိတို့ရဲ့ကိုယ်စားလှယ်တစ်ဦးကို သီးခြားရွေးချယ်စေလွှတ်ခွင့်ရှိတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်သည် ပြည်နယ်/တိုင်းဒေသကြီးများမှာရှိတဲ့ အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် မိမိတိုင်းရင်းသားလူမျိုးအရေးအရာဆောင်ရွက်ခွင့် ရရှိမည်ဖြစ်သည်။

ဒါ့အပြင် အဲဒီလိုပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်မြေတွေမှာ မဟုတ်ဘဲ ပြည်ထောင်စုကြီးရဲ့ တခြားတိုင်းနဲ့ပြည်နယ်တွေမှာ နေထိုင်ပြီး လူဦးရေအင်အား အသင့်အတင့်ရှိနေကြတဲ့ တိုင်းရင်းသားတွေအတွက်လည်း ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်တွေမှာ မိမိတို့တိုင်းရင်းသားလူမျိုးစုတွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ပြီး တက်ရောက်ခွင့်ရှိတယ်။ ဒါကတော့ လူနည်းစုအခွင့်အရေးတွေကို ကာကွယ်ပေးတဲ့သဘောပေါ့။ အဲဒီတော့ “ဝ”တိုင်းရင်းသားတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွဲ့စည်းခွင့်ရပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကိုတော့ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နဲ့ကိုးကန့်တိုင်းရင်းသားတွေအတွက် ဖွဲ့စည်းခွင့်ရမှာဖြစ်တယ်”

“ဒါဆိုရင် (၈)ပြည်နယ်တောင်းဆိုနေတဲ့ပုံစံထက် အခုပုံစံက ပိုပြီး ပြည်ထောင်စုပိုစစ်တယ်လို့ ဆိုနိုင်တာပေါ့”

“အမှန်ပဲသူငယ်ချင်း၊ **(၈)ပြည်နယ်သမားတွေရဲ့ အခြေခံအစွဲက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဆိုတဲ့လူမျိုးကြီး(၈)စုက သက်ဆိုင်ရာနယ်မြေတွေမှာ ကိုယ့်လူမျိုးစုအလိုက် သီးသန့်ခွဲနေကြတယ်လို့ မှတ်ယူထားတာ။ ဒါဟာ တကယ့်မဟာအမှားပဲ။ သူတို့က တိုင်း(၇)တိုင်းဟာ ဗမာတွေပဲနေကြတာမို့ ဗမာပြည်နယ်သတ်မှတ်ရမယ်လို့ မျက်စိစုံမှိတ်အော်နေကြတာလေ။**

“တကယ်တော့ မင်းပဲစဉ်းစားကြည့်။ ဒို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် နေရာအနှံ့ပျံ့နှံ့ပြီးနေထိုင်ကြတာ။ ဧရာဝတီတိုင်းမှာ ကရင်တိုင်းရင်းသားတွေ အများကြီးရှိတယ်။ စစ်ကိုင်းတိုင်းမြောက်ပိုင်းမှာ နာဂတိုင်းရင်းသားနဲ့ ရှမ်းတိုင်းရင်းသားတွေရှိတယ်။ ပဲခူးတိုင်းမှာလည်း ကရင်တိုင်းရင်းသားတွေရှိတယ်။ ကချင်ပြည်နယ် ကသာနဲ့ဗန်းမော်ဒေသတွေမှာ ရှမ်းတိုင်းရင်းသားတွေရှိတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာလည်း ကချင်တိုင်းရင်းသားတွေရှိတယ်။ မွန်ပြည်နယ်မှာလည်း ပအိုဝ်းတိုင်းရင်းသားတွေ၊ ကရင်တိုင်းရင်းသားတွေရှိနေကြတာပဲ။ မကွေးတိုင်းထဲမှာလည်း မြေပြန့်ချင်းတွေရှိတယ်။

“ဒါက ထင်သာမြင်သာလောက်အောင် အစုအဖွဲ့တွေနဲ့ရှိနေတဲ့ တိုင်းရင်းသားတွေကိုပြောတာ။ တချို့တိုင်းရင်းသားတွေဆိုရင် ရွာလေးတွေ၊ ရပ်ကွက်တွေ အဆင့်လောက်နဲ့ တခြားပြည်နယ်၊ တိုင်းဒေသတွေမှာ ပျံ့နှံ့နေထိုင်တာတွေရှိသလို အသက်မွေးဝမ်းကျောင်းအရ နိုင်ငံအနှံ့ အခြေချနေတဲ့ တိုင်းရင်းသားတွေလည်းအများကြီးပဲ။ **ခရီးလမ်းပန်း သယ်ယူပို့ဆောင်ရေး တိုးတက်လာတဲ့ခေတ်ကြီးထဲမှာ အခြေခံဥပဒေအရ ဘယ်နိုင်ငံသားမဆို ရေကြည်ရာမြက်နုရာ ကိုယ်နှစ်သက်တဲ့ နေရာတိုင်းမှာ အခြေချနေထိုင်ခွင့်ရှိတယ်လေ။ ဒါကြောင့် နောက်ဆိုရင် နိုင်ငံအနှံ့နေရာတိုင်းမှာ တိုင်းရင်းသားမျိုးစုံ ရောက်ရှိအခြေချနေလာကြပြီး တစ်သားတည်းရောနှောလာကြတော့မှာပဲ။ အဲဒီအခါကျတော့ တိုင်းရင်းသားလူမျိုးစုတစ်ခုကို အစွဲပြုပြီး မှည့်ခေါ်ထားတဲ့ဒေသတွေအားလုံးမှာ တိုင်းရင်းသားမျိုးစုံရှိနေကြတော့မှာမို့ ဒေသအခေါ်တွေဟာ နာမည်ပဲကျန်တော့မှာ။ ဒါကြောင့် (၈)ပြည်နယ်အတွေးအခေါ်ဟာ ဒိတ်အောက်နေပြီလို့ ပြောတာပေါ့။**

“ရှမ်းပြည်နယ်မှာဆိုရင်လည်း ရှမ်းနာမည်သာ တပ်ထားတာ၊ ရှမ်းတိုင်းရင်းသားတွေချည်း နေကြတာမဟုတ်ဘူး။ “ဝ”၊ ပအိုဝ်း၊ ကိုးကန့်၊ ဓနု၊ ပလောင်တိုင်းရင်းသားအပါအဝင် လားဟူ၊ အခါ၊ တောင်ရိုး၊ အင်းသား စတဲ့ တိုင်းရင်းသားတွေအများကြီး နေထိုင်ကြတာလေ။ ဒီအထဲက တချို့ဆိုရင် ပြည်နယ်သီးခြားရတဲ့ ကယားတိုင်းရင်းသားတွေထက်တောင် လူဦးရေများတဲ့ အုပ်စုတွေရှိတယ်။ သူတို့အတွက်လည်း ထည့်စဉ်းစားပေးမှ တရားမျှတမှာပေါ့။

“ဒါကြောင့် လက်ရှိအနေအထားအရ အစုလိုက်ရှိနေတဲ့ တိုင်းရင်းသားတွေအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ကျေနပ်လောက်အောင်ရရှိဖို့ ပြည်နယ်(၇)ခု ဆက်ပြီးထားတဲ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်မြေတွေကိုလည်း သတ်မှတ်ပေးလိုက်တာ။ ဘာလို့လဲဆိုတော့ ပကတိအခြေအနေအရ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ အဖွဲ့(၁၇)ဖွဲ့စလုံးက တိုင်းရင်းသားအဖွဲ့အစည်းတွေလေ။ သူတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်စတဲ့ အခွင့်အရေးတွေအတွက် လက်နက်စွဲကိုင်ပြီး တိုက်လာခဲ့ကြတာ နှစ်ပေါင်းလေးဆယ်ငါးဆယ်လောက်အထိ ဒို့နိုင်ငံမှာ တိုင်းရင်းသားချင်းတိုက်ပြီး အကျိုးမဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးခဲ့တာများလှပြီ။ အခုသူတို့က နိုင်ငံတော်ရဲ့ စစ်မှန်တဲ့စေတနာကို သဘောပေါက်နားလည်ပြီး ငြိမ်းချမ်းရေး ရယူလာပြီဆိုတော့ နိုင်ငံတော်ကလည်း သူတို့ဆန္ဒကို ရသင့်ရထိုက်သလောက် ပြန်ဖြည့်ပေးပြီး ညီနောင်အချင်းချင်း အပြန်အလှန်ယုံကြည်မှုနဲ့ ချစ်ကြည်စည်းလုံးမှုကို တည်ဆောက်ပေးရမှာပဲ။ ဒါမှ နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာမှုရှိလာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်မြှင့်လုပ်နိုင်မှာပေါ့။

“အေးကွ၊ ငါစဉ်းစားမိတာ တစ်ခုကတော့ နိုင်ငံတကာမှာ ပြည်ထောင်စုနိုင်ငံလို့ဆိုကြတဲ့ နိုင်ငံတွေကိုကြည့်ရင် တိုင်းရင်းသားလူမျိုးနာမည်တွေနဲ့ ပြည်နယ်တွေကိုမှည့်ခေါ်တာနည်းပါတယ်ကွာ။ ပြည်ထောင်စုစစ်စစ်လို့ဆိုတဲ့ အမေရိကန်နိုင်ငံမှာ အင်္ဂလိုဆက်ဆွန်တွေ၊ ဥရောပလူဖြူတွေ၊ ပွာတိုရီကန်တွေ၊ လူမည်းအာဖရိကန်တွေ၊ အာရှတိုက်သားတွေ ရောပြွမ်းနေကြပေမယ့် သူ့ပြည်နယ် ၅၀မှာ လူဖြူပြည်နယ်၊ အာဖရိကန်ပြည်နယ်၊ ပွာတိုရီကန်ပြည်နယ်တွေလို့ ခွဲထားတာမတွေ့ပါဘူး။ တက္ကဆက်တို့၊ ဖလော်ရီဒါတို့၊ ကာလီဖိုးနီးယားတို့ဆိုတာတွေပဲ ကြားမိပါတယ်။

“အိန္ဒိယနိုင်ငံမှာဆိုလည်း လူမျိုးစုပေါင်း ရာနဲ့ချီရှိတာပါပဲ။ ဒါပေမယ့် သူတို့ပြည်နယ်တွေ ကြည့်လိုက်ရင် ဥတ္တရာပရာဒက်ရှ်တို့၊ ဩရိသတို့၊ ရာဂျာစတန်တို့၊ ဘီဟာတို့လို အရပ်ဒေသကို အစွဲပြုပြီး ခေါ်ကြတာများပါတယ်။ ဥတ္တရာပရာဒက်ရှ်ဆိုတာ ဥတ္တရပရဒေသ မြောက်ဘက်အပြင်ပိုင်းဒေသပေါ့။ ရာဂျာစတန်ဆိုတာ ရာဇဌာနီ မင်းနေပြည်ပေါ့။ ဘီဟာဆိုတာ ဝိဟာရတိုင်း ဗုဒ္ဓဘုရားရှင် သီတင်းသုံးရာဒေသပေါ့။ ကိုယ်ပိုင်ပြည်နယ်တောင်းဆိုတဲ့ လူမျိုးစုတွေ အစွဲပြုပြီး နောက်ပိုင်းကျမှ သတ်မှတ်ပေးတဲ့ မိဇိုရမ်တို့၊ နာဂလင်းတို့၊ ဘိုဒိုလင်းတို့လို အရှေ့မြောက်အစွန်အဖျားဒေသက ပြည်နယ်တချို့လည်း ရှိတော့ရှိပါတယ်။ ဒါပေမယ့် အဲဒီပြည်နယ်တွေကြည့်လိုက်ရင် လူမျိုးစုခွဲထွက်ရေး သောင်းကျန်းသူတွေကြောင့် လုံခြုံရေးအရ မတည်မငြိမ် ဖြစ်နေတာ တွေ့ရလိမ့်မယ်”

“ဒါတွေဟာ သတိထားစရာပေါ့ကွာ။ ဥပဒေပညာရှင် ဒေါက်တာမောင်မောင်က သူ့ရဲ့ **“တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ”**စာအုပ်မှာ ရေးခဲ့သလိုပဲ **“ပြည်ထောင်စုစိတ်ကိုသာမွေးပါ။ ပြည်နယ်ခွဲခြားခြင်းသည် အကျိုးမရှိ။ လူမျိုးရေးထက် အမျိုးသားစိတ်ကို အဓိကထားပါ။ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာ အားလုံးသည် ပြည်ထောင်စုသားများသာဖြစ်သည်။”**ဆိုတဲ့ တိုက်တွန်းချက်ဟာ အခုအချိန်ထိ အလေးထားရမယ့်အချက်ပဲ။

“တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းကတခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်ဆိုတာ ဟိုးတုန်းကတည်းက ဒို့လူကြီးတွေ ပြောခဲ့ကြတာပဲလေ။

“အခုဖွဲ့စည်းပုံမှာ တိုင်းရင်းသားလူမျိုးစု အကြီးအငယ်တွေအတွက် ပြည်နယ်တွေရော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေပါ သတ်မှတ်ပေးပြီး ကိုယ်ပိုင်ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာတွေ ပေးအပ်ထားတာဟာ တကယ်တော့ နိုင်ငံတော်က တိုင်းရင်းသားတွေအပေါ် စေတနာအစစ်အမှန်နဲ့ ဘယ်အခြေခံဥပဒေမှာမှ မရဖူးတဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ပေးထားတာပါ။ ဒါကိုလည်း တိုင်းရင်းသားလူမျိုးစုတွေအားလုံးက နားလည်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပါဝင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်ကွာ”

အခုဖွဲ့စည်းပုံမှာ တိုင်းရင်းသားလူမျိုးစု အကြီးအငယ်တွေအတွက် ပြည်နယ်တွေရော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေပါ သတ်မှတ်ပေးပြီး ကိုယ်ပိုင်ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာတွေ ပေးအပ်ထားတာဟာ တကယ်တော့ နိုင်ငံတော်က တိုင်းရင်းသားတွေအပေါ် စေတနာအစစ်အမှန်နဲ့ ဘယ်အခြေခံဥပဒေမှာမှ မရဖူးတဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ပေးထားတာပါ။

“သတိပြုရန်”

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင် တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနှင်းခြင်း လုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်း ကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများ ဖြစ်သော CCTV Camera, Red Light Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) “သင့်ကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်”

ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ

ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေ လယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဂန္ဓကုဋိတိုက် ခြေတော်ရင်းရှိ ယခင် အလှူရှင် ဦးခွန်ဆန္ဒ ဆောက်လုပ်လှူဒါန်းထားသော အဆောင်ကြီးမှာ ပျက်စီးယိုယွင်းနေ၍ အသစ်ပြန်လည် ဆောက်လုပ်ရာတွင် ကျိုက္ခမီမြို့ မြို့မရပ်ကွက် ဇီဇဝါလမ်းနေ ဦးထွန်း ကြည်-ဒေါ်စောနှင့်သား၊ သမီး၊ မြေးမိသားစုတို့က ငွေကျပ်သိန်း ၂၀၀ ကို မတ် ၂၆ ရက်တွင် ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးသို့ လှူဒါန်းစဉ်။ (က-ပ)

မတ် ၃၀ရက်က (၅၅) ကြိမ်မြောက် ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ နှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စည်ပင်သာယာရေးခန်းမရုံ၌ ကျင်းပရာ သက်ကြီးအဘိုးအဘွား ၃၅ဦးတို့အား ပူဇော်ကန်တော့ကြကာ အသင်းဝင်သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး အသင်းဒုဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေးက သီရိသုဓမ္မသီဂိဘွဲ့ရ ဒေါ်ရင်ကြွေအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ဂိုးလ်ဒင်းပါဝါ အင်ဂျင်ဝိုင် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

တစ်ဦးတည်းပိုင် ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်က ၁၉၇၇ ခုနှစ်မှစတင်၍မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး ကိုယ်တိုင်တရားဝင် တင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော GP Pistons နှင့် RBI Rubber Products Parts မော်တော်ကား အပိုပစ္စည်းများ မြန်မာနိုင်ငံ၌ တင်သွင်းခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် မိတ်ဆုံ စားပွဲနှင့် U.A.E နိုင်ငံထုတ် Golden Power GP Lubricants ဂျီပီအမှတ် တံဆိပ် စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်များ တင်သွင်းဖြန့်ဖြူးခြင်း ဒုတိယအကြိမ် နှစ်ပတ်လည်မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၉ ရက်ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ)ဦးဘဂျမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)** ယင်းနောက် German Mirror Lubricants and Greases မှ မန်နေဂျင်းဒါရိုက်တာ Mr. Mohammed Hussein နှင့် RBI Rubber Parts မှ President Mr. Wanla Pa Sacho တို့က မော်တော်ကား အပိုပစ္စည်းများနှင့် Golden Power (GP) အမှတ်တံဆိပ် စက်ဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များ ထုတ်လုပ်မှု နည်းပညာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Charn Kolar Kan Co,Ltd မှ မန်နေဂျင်းဒါရိုက်တာ Mr. Charn Purachagrid က မိတ်ဆက်စကားကိုလည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း (ခ)ဦးဘဂျမ်း၏သမီး မအေးမြရတနာက ကျေးဇူးတင်စကားကိုလည်းကောင်း အသီးသီး ပြောကြားကြပြီး တစ်နှစ်တာအတွင်း ရောင်းအားအကောင်းဆုံး ဆိုင်များအား ဆုများချီးမြှင့်သည်။

ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ တင်သွင်းသော RBI Rubber Parts နှင့် G.P Pistons များသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မော်တော်ကားအပိုပစ္စည်းများဖြစ်ပြီး အာရပ်စော်ဘွားများနိုင်ငံ (U.A.E)က တင်သွင်းခြင်းဖြစ်သည်။ Golden Power အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများကိုဂျာမန်နည်းပညာများဖြင့်ထုတ်လုပ်ထားပြီး အင်ဂျင်သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရန် ရည်ရွယ်တင်သွင်းခြင်းဖြစ်သည်။

G.Pအမှတ်တံဆိပ်များကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက် ရုံး(က)၊ ၃၄-ဆိုင်အမှတ် (၁)၊ ဘုရင့်နောင်ဈေး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၂၈၇၂၊ ၆၈၁၆၃၂ မှ ဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ မြန်မာသင်္ကြန်
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ မြန်မာသင်္ကြန်
- **၅:၂၅** ၈။ မြန်မာသံစဉ်ချိုနှားဝင်
- **၅:၃၅** ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅:၅၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မြန်မာသင်္ကြန်
- **၆:၂၅** ၁၄။ ဝတ်စားဆင်ယင်လှစေချင်
- **၆:၄၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပုံရိပ်ပမာ” (အပိုင်း-၈၅)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဘဝဇာတ်ခုံ” အပိုင်း(၅)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ဆရာတော်ကြီး၏ သိက္ခာထပ်မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ ဆရာတော်ကြီး၏ သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါ ပြည့်မြောက် သိက္ခာထပ်မွေးနေ့ မင်္ဂလာအခမ်းအနားကို ဧပြီ ၆ရက်တွင် အဆိုပါအောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၌ နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိကျင်းပမည်ဖြစ်ပြီး ယင်းနေ့ နံနက် ၉နာရီတွင်သိက္ခာထပ်သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တောင်ပုလု တရားရိပ်သာ ၁၀ရက်စခန်း ဖွင့်မည်

ရန်ကုန် မတ် ၃၁

ပဲခူးမြို့ ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်း ကျောင်းတိုက် တောင်ပုလုတရားရိပ်သာ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ကုန္ဒစက္က (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) မထေရ် မြတ်သည် တောင်ပုလုဆရာတော်ကြီး၏ ဥပနိဿယကျင့်စဉ်အတိုင်း နိဗ္ဗာန် ရောက်ကြောင်း ကမ္မဋ္ဌာန်းတရားတော်များကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ဟောကြားမည်ဖြစ်သည်။ တရားအားထုတ်လိုသောယောဂီများ အကျိုးဆောင် အဖွဲ့ ဖုန်း-၀၅၂-၃၀၁၀၀ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပတ္တမြားအရှင်ပဏ္ဍိတ တရားပွဲများ

ရန်ကုန် မတ် ၃၁

ပတ္တမြားဆရာတော်၏ တပည့် ပတ္တမြားအရှင်ပဏ္ဍိတ (ဓမ္မာစရိယ) မိုးကုတ် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သူမြတ်က ဟင်္သာတစာသင်တိုက်၌ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ရက် အထိ လည်းကောင်း၊ သင်္ကြန်အကျနေ့၌ ၁၀၈တောင် ဘုရားဝင်း ပုဗ္ဗာရုံတန်ဆောင်းကြီး၌လည်းကောင်း၊ အကြိုနေ့မှ နှစ်ဆန်း ၁ရက်ထိ ၁၂ရပ်ကွက်၊ သဟာပုည ကာရီဓမ္မာရုံ၌ လည်းကောင်း တရားတော်များဟောကြားမည်ဟုသိရသည်။ (က-ပ)

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၃)ရပ်ကွက်၊ သာသနာ့ဟိတဓမ္မာရုံကြီး၌ သင်္ကြန်ကာလ ဧပြီ ၁၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် နေ့တရားစခန်းပွဲကို မော်ကျွန်းပရိယတ္တိစာသင်တိုက်မှ ဆရာတော် အရှင်ဘဒ္ဒန္တဇာနေယျ(ပိဋကတ်တစ်ပုံဆောင်)ဦးစီး၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နေ့စဉ်နံနက် ၈နာရီခွဲမှညနေ ၅ နာရီအထိ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်မည့်ယောဂီများ ဧပြီ ၁၁ရက် နံနက် ၈နာရီခွဲအရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ဂုဏဝိသိဋ္ဌပူဇာနှင့် ကသစ်ဝိုင်တရားပွဲ

ရန်ကုန် မတ် ၃၁

ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၌ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဥ္စနသာရအား ရဟန်းဒါယကာ ဒါယိကာမများနှင့် တပည့်ယောဂီများက ဧပြီ ၆ရက်တွင်ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်ဖြစ်ပြီး ဧပြီ ၉ရက်မှ ၂၀ရက်အထိ ကျေးဇူးရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၀ရက် ဝိပဿနာအလုပ်ပေး တရားတော်များကို ဆရာတော်ဘဒ္ဒန္တပဒုမ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ တပည့် ဘဒ္ဒန္တကဥ္စနသာရ (မဟာကမ္မဋ္ဌာနာစရိယ)နှင့် ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တသောဘိတအရှင်မြတ်တို့က ဟောကြားပြသမည်ဖြစ်ရာ ဖုန်း ၀၅၂-၂၁၇၆၈ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မတ် ၂၃ ရက်က အထက (၂)လမ်းမတော်(မြမာလာ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဆိပ်ကမ်းမြို့နယ်ရှိ U Can ရေပေါ်ဟိုတယ်ခန်းမ၌ ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဦးဆောင်သည့် ကျောင်းသူဟောင်းများက ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ပြည်လုံးချမ်းသာရွှေစေတီတော်မြတ် သတ္တဋ္ဌာနရုပ်ပွားတော် (၆၇)ဆူ၊ ဓာတ်တော်မွေတော်များနှင့် ရွှေစင်ရွှေပြား ကျောက်သံပတ္တမြားအစုံ ဌာပနာ ပိတ်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မဇောတိဓရ ဦးကျော်မင်းနှင့် အဖွဲ့ဝင်များ ဌာပနာတော်များ ထည့်သွင်းပူဇော်စဉ်။

(၃၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel ဒုတိယထပ်ရှိ VIP Holding Room ရှေ့သို့ ရောက်ရှိရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက ကြိုဆိုနှုတ်ဆက်သည်။

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် မဟာမဲခေါင် မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များအားလည်း VIP Holding Room ရှေ့မှ ကြိုဆိုနှုတ်ဆက်သည်။

လိုက်လံကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါတို့နှင့်အတူ လူငယ်တွေ့ဆုံပွဲ အခမ်းအနားမစတင်မီ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ လူငယ်များရေးဆွဲထားသည့် My World My Home အမည်ရှိ ပန်းချီကားများ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများမှ ပြသထားသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ပိုစတာနှင့် ဓာတ်ပုံများ၊ မြန်မာနိုင်ငံက ပြသထားသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊ မြန်မာနိုင်ငံရှိ ထင်ရှားသည့်နေရာ ဒေသများ၊ ယဉ်ကျေးမှုနှင့် သဘာဝရှုခင်းများ ပြခန်းကို လိုက်လံကြည့်ရှုကြသည်။

တက်ရောက်

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် မဟာမဲခေါင် မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့် တွေ့ဆုံပွဲကို ညနေ ၃ နာရီတွင် Don Chan Palace Hotel ဒုတိယထပ်ရှိ Dok Champa Room ၌ ကျင်းပရာ တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ မဟာမဲခေါင် မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံအလိုက် ညှိနှိုင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ် ခြောက်ဦးအပါအဝင် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ် သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ Ms. Bounphady Insisienmay က လူငယ်များ၏ သဝဏ်လွှာအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့ထံ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ သက်ဆိုင်ရာ လူငယ်ကိုယ်စားလှယ်များက လူငယ် သဝဏ်လွှာများကို အသီးသီးပေးအပ်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့် တွေ့ဆုံပွဲကို တက်ရောက်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့က အမှာစကား ပြောကြားကြသည်။

ပထမဦးဆုံးအစီအစဉ်

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂျီအမ်အက်စ် လူငယ်ဖိုရမ်သည် မဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဒေသခွဲရှိ လူငယ်များကို ၎င်းတို့ နိုင်ငံခေါင်းဆောင် လူကြီးများ၏ အရေးကြီးသည့် အခမ်းအနားတစ်ခုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်စေရန် အခွင့်အလမ်းဖော်ထုတ်ပေးသည့် ပထမဦးဆုံးအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း။

လူငယ်များအားလုံးသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကစ၍ မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းကြောင်းများအတိုင်း ခရီးသွားယာဉ်တန်း အစီအစဉ်ဖြင့် ဗီယင်ကျန်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်၍ ကျွန်ုပ်တို့ ဒေသခွဲ၏ ဆက်စပ်ယှက်နွယ်မှု (Connectivity)၊ အရည်အသွေးမြင့်မားမှု (Competitiveness)နှင့် လူမှုဖွဲ့စည်းတည်ဆောက်မှု (Community)ဆိုသည့် Three C နှင့် ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ ပိုမိုသိရှိနားလည်ကြပြီဟု ယုံကြည်ကြောင်း။

ဂျီအမ်အက်စ်လူငယ် အစီအစဉ်၏ အဓိက ရည်မှန်းချက်တစ်ရပ်မှာ မဲခေါင်ဒေသခွဲ နိုင်ငံများရှိ အလွှာမျိုးစုံမှ မျိုးဆက်သစ်လူငယ်များကို ဂျီအမ်အက်စ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် အဆိုပါ Three C အစီအစဉ်တို့နှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန်ဖြစ်ကြောင်း။

ဂျီအမ်အက်စ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အောက်တွင် အချိန်အားဖြင့် ၁၅ နှစ်တာကာလအတွင်း မဲခေါင်ဒေသခွဲ၏ ဦးစားပေးကဏ္ဍများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်တွင် နေပြည်တော်၌ အမျိုးသားအဆင့် လူငယ်တွေ့ဆုံဆွေးနွေးပွဲကို သိုက်သိုက်ဝန်းဝန်း ကျင်းပပြုလုပ်ခဲ့ရာ အလွှာအသီးသီးမှ စုစုပေါင်း လူငယ် ၃၆ ဦးသည် ပထမဆုံးအကြိမ်ဖြစ်သည့် ဂျီအမ်အက်စ် လူငယ်တွေ့ဆုံဆွေးနွေးပွဲအတွက် စုစည်းတွေ့ဆုံခဲ့ကြောင်း၊ အဆိုပါ လူငယ်များထဲမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ဗန်ကောက်မြို့၌ကျင်းပသည့် ဒေသဆိုင်ရာ လူငယ်တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန် လူငယ်ခြောက်ဦးကို ရွေးချယ်ခဲ့သကဲ့သို့ ကျန်မဲခေါင်ဒေသခွဲ ငါးနိုင်ငံမှ လူငယ်ကိုယ်စားလှယ် ခြောက်ဦးစီကိုလည်း ရွေးချယ်စေလွှတ်ခဲ့သဖြင့် စုစုပေါင်း လူငယ် ၃၆ ဦး စုဝေးရောက်ရှိကြပြီ ဖြစ်ကြောင်း၊ အဆိုပါ လူငယ်ကိုယ်စားလှယ် ၃၆ ဦးသည် ယခု မဲခေါင်ဒေသခွဲ လူငယ်ဖိုရမ်တွင် မဲခေါင်ဒေသခွဲ အစီအစဉ်၏ ရှေ့သို့ရှုမြင်သည့် ဘောင်အတွင်း အတွေးအမြင်များကို မျှဝေကြရန် ရှိကြောင်း၊ လူငယ်များအား အထူးသဖြင့် မှာကြားလိုသည်မှာ ယခု ဂျီအမ်အက်စ် လူငယ်အစီအစဉ်သည် ဒေသခွဲအတွင်း နေထိုင်ကြသည့် လူငယ်များအကြား ချစ်ခင်ရင်းနှီးမှု စိတ်ဓာတ် ဖွဲ့စည်းဖြစ်တည်ဖွံ့ဖြိုးစေပြီး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်သည် ဒေသခွဲအတွင်းသာမက ကမ္ဘာသို့ပါ သိရှိစေနိုင်မည်ဖြစ်ကြောင်း။

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌနှင့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ လူငယ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

လူငယ်များနှင့် တွေ့ဆုံပွဲတက်ရောက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း နိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့် တွေ့ဆုံပွဲကို တက်ရောက်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့်လူငယ်ဆွေးနွေးပွဲသည် မိမိတို့အားလုံး မျှော်မှန်းထားသည့် စည်းလုံးညီညွတ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်သော မဲခေါင်ဒေသဖြစ်ပေါ်လာရေးအတွက် များစွာ အထောက်အကူဖြစ်စေသည့်အတွက် မဟာမဲခေါင်ဒေသခွဲတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်အလို့ငှာ လူငယ်ဆွေးနွေးပွဲ၏ အရေးပါမှုကို ထပ်လောင်းပြောကြားလိုကြောင်း။

နောက်ဆုံးအနေဖြင့် မဲခေါင်ဒေသခွဲ လူငယ်များကို ပထမအကြိမ်မဲခေါင်ဒေသခွဲ လူငယ်ဖိုရမ် အောင်မြင်စွာပြီးစီးမှုနှင့်လူငယ်အစီအစဉ်တစ်လျှောက်လုံးတွင် လူငယ်များ၏ တက်ကြွစွာ ပါဝင်မှုတို့အတွက် လှိုက်လှဲစွာဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကို ကူရိုဒါ ကနိုဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲအပြီးတွင် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ လူငယ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasoneနှင့်အတူ သမ္မတရုံးဝန်ကြီး Mr. Soubanh Srithirath၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး Mr.Sitaheng Latsaphone၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး Mr.Kouily A.Souphakhetနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော် သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် လာအိုနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေသည်ကို တွေ့ရှိရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် အာဆီယံထိပ်သီးညီလာခံကိုသာမက မဟာမဲခေါင်မြစ်ဝှမ်း ဒေသထိပ်သီးညီလာခံကိုလည်းအောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီးကလည်း မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာနေသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားနေသည်များကို မိမိတို့ ကောင်းစွာသိရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိလိမ့်မည်ဟုမျှော်လင့်ပါကြောင်း၊ လာအိုနိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းတစ်ဦးအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဆက်လက်ထောက်ခံ ရပ်တည်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

➪ နိုင်ငံတော်ဝန်ကြီးချုပ်မှ

ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Vienglouny BHUPHA တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လေယာဉ်လှေကားထိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီး Mr. Sitaheng Latsaphone က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအစိုးရ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ် သန်းဝင်းနှင့် မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ခေတ္တတည်းခိုမည့် Don Chan Palace Hotelသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ မိသားစုများ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ အင်းလေးနှင့် ပင်းတယဒေသတို့သို့ လေ့လာရေးသွားရောက်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Le Van Thanh နှင့် စစ်သံမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ မိသားစုများပါဝင်သော လေ့လာရေးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ အင်းလေးနှင့် ပင်းတယဒေသတို့သို့ သွားရောက်လေ့လာရန်အတွက် မတ် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ကလောတောင်ပေါ်ရှုခင်းသာဟိုတယ်သို့ ရောက်ရှိသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ကလောတပ်နယ်မှူးဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကလောရှုခင်းသာဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ထွက်ခွာလာပြီး ညနေပိုင်းတွင် တောင်ကြီး အေးသာယာ Resort Hotelသို့ ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ စစ်ဘက်နယ်ဘက်မှတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အတူ စစ်သံမှူးများသည် တောင်ကြီး ကမ္ဘောဇ ဂေါက်ကွင်း၌ ဂေါက်သီးရိုက် ကစားကြသည်။

ထို့အပြင် စစ်သံမှူးများ၏ဇနီးများ၊ မိသားစုများသည် တောင်ကြီး ရွှေဘုန်းပွင့်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်မှ တောင်ကြီးမြို့၏ ရှုခင်းအလှကို ကြည့်ရှုလေ့လာကြကာအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီးတို့က လေ့လာရေးအဖွဲ့အား တောင်ကြီးအေးသာယာ Resort Hotel၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ရှမ်းရိုးရာတေးသီချင်းများနှင့် ရှမ်းရိုးရာအကများဖြင့် ဧည့်ခံ ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူးက ဂေါက်ရိုက်ပွဲတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်သံမှူးများ နာယကက ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီးတို့က လေ့လာရေးအဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်များကိုပေးအပ်၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

လေ့လာရေးအဖွဲ့သည် မတ် ၂၉ ရက် နံနက်ပိုင်းတွင် အင်းလေးဒေသ၌ လေ့လာရန် မော်တော်ယာဉ်များဖြင့် ညောင်ရွှေဖောင်တော်ပြန် လှေဆိပ်သို့ရောက်ရှိပြီး စက်လှေများဖြင့် အင်းလေး ဟဲယားရွာမရှိ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းသို့ သွားရောက်၍ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် အင်းလေး ဖောင်တော်ဦးဘုရားသို့ ရောက်ရှိပြီး လှည့်လည်ဖူးမြော် ကြည်ညိုကာ ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် အင်းပေါ်ခုံမြစကြာရက်ကန်းရုံသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် အင်းလေးဒေသရှိ ရွှေကျွန်းမျှော ဟိုတယ်၌ နေ့လယ်စာသုံးဆောင်ကြပြီး အင်းလေးခေါင်တိုင်သို့လည်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် အင်းလေးခေါင်တိုင်မှ မော်တော်ယာဉ်များဖြင့် ပင်းတယသို့ ညနေပိုင်းတွင် ရောက်ရှိပြီး ပင်းတယရှိ ကွန်ကွာရာဟိုတယ်၌ ညအိပ်ရပ်နားသည်။

လေ့လာရေးအဖွဲ့သည် မတ် ၃၀ ရက်နံနက်ပိုင်းတွင် ပင်းတယရွှေဥမင်လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပင်းတယမြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ပင်းတယမြို့မှ ဟဲဟိုးလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် မွန်းလွဲပိုင်းတွင်ရောက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ ဇနီး ဒေါ်မြတ်ငွေ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ တပ်မတော်အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်ကြပြီး လေ့လာရေးအဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများအား ဟဲဟိုးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သဲဖြူတောရရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာတွင် ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ သင်္ကြန်တရားစခန်းကျင်းပမည်ဖြစ်ပါ၍ ယောဂီများ ဖုန်း-၆၆၇၇၁၆၊ ၆၆၆၁၆၃နှင့် ၆၆၂၈၃၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ရန်ကုန်မြို့မှယောဂီများ စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း၊ စွန်းလွန်းဂူကျောင်းတိုက်သို့ ဧပြီ ၁၁ရက် မွန်းလွဲ ၁နာရီခွဲအရောက်လာကြရန် နှိုးဆော်ထားသည်။

(က-ပ)

ပန်းတည်းတန်းအရဏ်တော်ဝတ်အသင်း သင်္ကြန်အထူး တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ ပန်းတည်းတန်း အရဏ်တော်ဝတ်အသင်းဓမ္မာရုံကြီးတွင် ဧပြီ၊ ၁၂ရက်(သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ နေ့အထူးတရားစခန်းပွဲများ ကျင်းပမည်ဖြစ်သည်။ နေ့စဉ် နံနက် ၉ နာရီတွင် အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တ သံဝရဗောဓိအမှူးပြုသော သံဃာတော်အရှင်မြတ်များက သီလပေးတရားပွဲများ၊ မွန်းတည့် ၁၂ နာရီတွင် တရားထိုင်ခြင်းနှင့် မွန်းလွဲ ၂ နာရီတွင် မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဆရာတော်များ၏ ခန္ဓာဉာဏ်ရောက် တရားပွဲ များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
- ၇:၅၀ ၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ Let's Go.
- ၄:၃၀ ၃။ ကဗျာပန်းဥယျာဉ်
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၇။ တေးဂီတအစီအစဉ်
- ၅:၃၀ ၈။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း-၁၁)**
- ၇:၅၀ ၁၄။ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာကြိုးပမ်းဆောင်ရွက်မှု(အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှဉ်းပြိုင်"(အပိုင်း-၁၅)**
- ၂၀။ အစီအစဉ်ပြီး၏။

အင်ဒိုနီးရှားတွင် နာနတ်သီးအရက်သောက်၍ ၂၃ဦးသေဆုံးမှု စစ်ဆေးနေ

ဂျာကာတာ မတ် ၃၀

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် နာနတ်သီးမှချက်သော အရက်သောက်ပြီး ၂၃ ဦး သေဆုံးသော အမှုကို စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့သည် အရက်ပုလင်း ၇၀၀၀ ကို သိမ်းဆည်းပြီး စက်ရုံနှင့် အရက်ဆိုင်ပိုင်ရှင်များအား စစ်ဆေးနေကြောင်း ရဲအရာရှိ ယာတင်ဆုယတ်မိုက ပြောသည်။

အဆိုပါစက်ရုံသည် ဒေသတွင်း သောက်သုံးရန်အတွက် နှစ်ပေါင်းများစွာ ချက်လာခဲ့သော်လည်း လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်မှစ၍ ထိုအရက်သောက်သူများ သေဆုံးရသည့်အဖြစ်နှင့်ကြုံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်အကျဉ်းထောင်၌ အဓိကရုဏ်းဖြစ်ပွား

စန်အန်တိုနီယို မတ် ၃၀

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အကျဉ်းထောင်တစ်ခုတွင် သောကြာနေ့က အဓိကရုဏ်းဖြစ်ပွားရာ အကျဉ်းသားတစ်ဦး သေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိသွားသည်။

အကျဉ်းထောင်များ အုပ်ချုပ်ရေးဌာနမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် အစောင့်တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း၊ ထောင်ကိုလည်း ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အဆောက်အအုံနှစ်ခုမှ အကျဉ်းသားများ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မသိရပေ။ ထောင်သားတစ်ဦးသည် ရရှိသော ဒဏ်ရာကြောင့် သေဆုံးသွားကြောင်း ကြေညာချက်တွင် ပါရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနီး အိမ်တစ်လုံးပေါ်သို့ လေယာဉ်ငယ်တစ်စင်းပျက်ကျပြီးနောက် အပျက်အစီးများအား ရဲတပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်နိုင်ငံ ကင့်ဒေသတွင် လေယာဉ်ပျက်ကျ၍ ငါးဦးသေဆုံး

လန်ဒန် မတ် ၃၁

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရှေ့တောင်ဘက် ဖရန်ဘိုရော့ဒေသအနီးရှိ နေအိမ်တစ်လုံးပေါ်သို့ မတ် ၃၀ရက်က လူငါးဦး လိုက်ပါလာသော ပုဂ္ဂလိကပိုင်ဂျက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါသူ အားလုံးသေဆုံးခဲ့ကြောင်း ဒေသမီးသတ်တပ်ဖွဲ့က ပြောကြားသည်။ သို့သော် လေယာဉ်ပျက်ကျရာ၌ မြေပြင်ပေါ်ရှိလူများမှာ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိပေ။

အဆိုပါလေယာဉ်သည် အင်ဂျင်နှစ်လုံးတပ် ပုဂ္ဂလိကပိုင်ဂျက်လေယာဉ်ဖြစ်ပြီး လေယာဉ်မှူးနှစ်ဦးနှင့် ခရီးသည်သုံးဦး တင်ဆောင်ကာ ပြင်သစ်နိုင်ငံသို့ ပျံသန်းသွားစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်အား အိပ်ခန်းပြတင်းပေါက်မှ သတိထားကြည့်မိရာ နိမ့်နိမ့်လေးပျံသန်းနေပြီး အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရသည်ဟု ထင်ရကြောင်း မျက်မြင်တွေ့ရှိသူ ကက်သရင်းစင်နက်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်နှင့်ကနေဒါရဲတပ်ဖွဲ့ ပူးပေါင်းစစ်ဆင်ရေးပြုလုပ် မူးယစ်မှောင်ခို ၃၀ ကျော် ဖမ်းဆီးရမိ

အော့တဝါ မတ် ၃၀

ကနေဒါနိုင်ငံ ကျူဘက်ပြည်နယ်အနောက်တောင်ဘက်ရှိ နယ်စပ်ဒေသတွင် မတ် ၂၆ရက်က အမေရိကန်နှင့် ကနေဒါရဲတပ်ဖွဲ့များ ပူးပေါင်း စစ်ဆင်ရေးပြုလုပ်ရာ လူ ၃၀ ခန့် ဖမ်းဆီးရမိသည်။

ရဲတပ်ဖွဲ့ဝင်အင်အား ၃၀၀ ခန့်က မွန်ထရီရယ်မြို့နှင့် အဘော်ရီဂျင်မိုဟောက်လူမျိုးတို့ နေထိုင်ရာဒေသအား စစ်ဆင်ရေးပြုလုပ်၍ မူးယစ်ဆေးဝါးဂိုဏ်းများကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို လျှို့ဝှက်ပူးပေါင်းကြံစည်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် ဂိုဏ်းဖွဲ့လုပ်ရှားမှုများ ဆောင်ရွက်ကြောင်း စွဲချက်တင်ထားသည်။

၎င်းတို့သည် ဆေးခြောက်များ စိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့သောလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည်။ ကျူဘက်ပြည်နယ်ရှိ မိုဟောက်နယ်မြေမှ အမေရိကန်နယ်စပ်ကို ဖြတ်၍ ပိုက်လိုင်းများဖြင့် သယ်ယူပို့ဆောင်နေသည်ဟု ယူဆရကြောင်း ကနေဒါရဲပ်သံက ဖော်ပြခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များအား တိုက်ခိုက်နေသော မီဒီလက်နက်ကိုင်တပ်ဖွဲ့ဝင် တစ်ဦးကို မတ် ၃၀ ရက်က တွေ့ရ စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မတ် ၂၆ ရက်က တိုက်ခိုက်မှုနှစ်ကြိမ် ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။ အီရတ်နိုင်ငံ မြို့တော်တွင် သန်းခေါင်ယံအချိန်ခန့်က တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘဂ္ဂဒက်မြို့ရှိ နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် ညနေ ၄နာရီခွဲခန့်က ရန်သူများ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

တိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အပါအဝင် မြို့ကြီးအချို့၌ အမေရိကန် ကျောထောက်နောက်ခံ ပြုထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ရှီးယိုက် မီဒီလက်နက်ကိုင် ပြည်သူ့စစ်များ အကြား တိုက်ခိုက်မှုဖြစ်ပွားခြင်းများကြောင့် အီရတ်နိုင်ငံသား ရာပေါင်းများစွာ သေကျေဒဏ်ရာရရှိခဲ့သည်။

အီရတ်စစ်ပွဲစတင်စဉ်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၀၀၃ ဦး ရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာ၌ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆန်သွင်းကုန်အပေါ် အခွန်လျှော့ရန် အာရိုယို အမိန့်ထုတ်

မနီလာ မတ် ၃၀

ဖိ လစ် ပိုင် နိုင်ငံ သမ္မတ ဂလိုရီယာမာဂါပါဂယ် အာရိုယိုက ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားများ လျှော့ချရန် ဘဏ္ဍာရေးအရာရှိများအား အမိန့်ထုတ်လိုက်ပြီ ဖြစ်ကြောင်း ဒေသတွင်း သတင်းဌာနများက ဖော်ပြသည်။

ယခုကဲ့သို့ အခွန်နှုန်းလျှော့ချခြင်းသည် အစိုးရအမျိုးသားစားသောက်ကုန် အာဏာပိုင် (အန်အက်မ်အေ)နှင့် အတူ ဆန် တင်သွင်းရာတွင် ပါဝင်လာစေရန် ပုဂ္ဂလိကက အခန်းကဏ္ဍအား တွန်းအားပေး သကဲ့သို့ ဖြစ်သည်။

လက်ရှိ ဆန်နှင့်ပြောင်းအပေါ် ကောက်ခံနေသော အခွန်နှုန်းထားမှာ ၅၀ နှင့် ၄၀ ရာခိုင်နှုန်း အသီးသီး ဖြစ်သည်။ ပုဂ္ဂလိကကို အများဆုံး ဆန်တန်ချိန် ၃၀၀၀၀၀ အထိ တင်သွင်းခွင့်ပြုထား သော်လည်း အခွန်နှုန်းထား ကြီးမြင့်နေသည့်အတွက် ခွင့်ပြုချက်၏ ၁၀ ရာခိုင်နှုန်းကိုသာတင်သွင်းကြောင်း ဖိလစ်ပိုင် နေ့စဉ် အင်ကွားရား ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်အဓိက တင်ပို့ရောင်းချသော နိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်တို့သည် ယခုနှစ်တွင် ဆန်တင်ပို့မှု လျှော့ချလာ ကြသဖြင့် ဆန်အများအပြား ဝယ်ယူ စားသုံးသော ဖိလစ်ပိုင် နိုင်ငံအတွက် ယခုနှစ်တွင် ရိက္ခာအခက်အခဲရှိနိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



ခရီးသည် ပို့ဆောင်ရေးအတွက် ပျံသန်းရေးခရီးစဉ်များကို ရပ်ဆိုင်းတော့မည့် ဟာဝိုင်ယီလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို မတ် ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယဘင်္ဂလောတွင် ခွေးလေခွေးလွင့်နှင့် လေယာဉ်တိုက်မိ

ဘင်္ဂလား(အိန္ဒိယ) မတ် ၃၀

အိန္ဒိယနိုင်ငံ ဘင်္ဂလောမြို့ လေယာဉ်ကွင်းတွင် လေယာဉ်တစ်စင်း ပြေးလမ်းပေါ်၌ မောင်းနှင်နေစဉ် ခွေးလေခွေးလွင့်တစ်ကောင်နှင့် တိုက်မိသဖြင့် လေယာဉ်ဘီးကျိုးသည့်အဖြစ်နှင့် ကြုံတွေ့ရသည်။ ထိုအဖြစ်အပျက် ပေါ်ပေါက်ပြီးနောက် လေယာဉ်ကွင်းဝန်းကျင်ရှိ ခွေးလေခွေးလွင့် အများအပြားကို သက်ဆိုင်ရာက ရှင်းလင်းလျက်ရှိသည်။

အဆိုပါအဖြစ်အပျက်၌ လေယာဉ်အတက်တွင် ဘီးကျိုးသွားရခြင်းဖြစ်ပြီး ခရီးသည်သုံးဦးလည်း ထိခိုက်ဒဏ်ရာရသွားကြောင်း သိရသည်။ နာရီပိုင်းအတွင်း ခွေးလေခွေးလွင့်များကို လေယာဉ်ကွင်းဝန်းကျင်မှ ရှင်းလင်းရာ ခွေးခြောက်ကောင်ကို ဖမ်းဆီးရမိခဲ့သည်ဟုဆိုသည်။

ဘင်္ဂလောဒေသတွင် ခွေးလေခွေးလွင့်ပေါင်း ၇၀၀၀၀ မျှရှိသည်ဟု အာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အိုလံပစ်မီးတောက်ကို သယ်ဆောင်လာသောလေယာဉ် ပေကျင်းမြို့သို့ ဆိုက်ရောက်ပြီ

ပေကျင်း မတ် ၃၁

ပေကျင်းအိုလံပစ်ပွဲတော်တွင် ထွန်းညှိမည့် အိုလံပစ်မီးတောက်ကို သယ်ဆောင်လာသည့် အဲချိုင်းနားလေကြောင်းလိုင်းမှ လေယာဉ်သည် မတ် ၃၁ ရက်တွင် ပေကျင်းမြို့လေဆိပ်သို့ ဆိုက်ရောက်လာပြီ ဖြစ်သည်။

အိုလံပစ် မီးတောက်ကို ဂရိနိုင်ငံ အိုလံပီယာဒေသတွင် ပြီးခဲ့သော သီတင်းပတ်ကတည်းက ထွန်းညှိကာ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးအတွက် မီးရှူးတိုင်ကို လက်ဆင့်ကမ်း သယ်ဆောင်လာ ခြင်းဖြစ်သည်။ မီးရှူးတိုင်သယ်ဆောင်သော ခရီးစဉ်သည် ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပွဲ ဖွင့်လှစ်မည့်ဩဂုတ် ၈ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ပေကျင်းမှ စတင်သည့် အိုလံပစ်မီးရှူးတိုင်သယ်မည့် ခရီးစဉ်ကို အင်္ဂါနေ့တွင် စတင်မည်ဖြစ်ပြီး ရှေးဦးစွာအဖြစ် ကာဇက်စတန်နိုင်ငံ အယ်လ်မာတာမြို့သို့ စတင်ထွက်ခွာမည်ဖြစ်သည်။

လှည့်လည်

ထိုခရီးစဉ်သည် ရက်ပေါင်း ၁၃၀ ကြာမည်ဖြစ်ပြီး ကမ္ဘာအနှံ့ ခရီးမိုင်ပေါင်း ၈၅၀၀၀ ကို လှည့်လည်မည်ဖြစ်သည်။ ဤခရီးစဉ်အတွင်း သယ်ဆောင်မည့် အိုလံပစ် မီးရှူးတိုင်သည် ကမ္ဘာ့အမြင့်ဆုံး ဧဝရက် တောင်ဆီသို့ ဖြတ်သန်း သယ်ဆောင်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ သယ်ဆောင်လာသည့် အိုလံပစ်မီးတောက်မီးအိမ် ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မတ် ၃၁ရက်က ဆိုက်ရောက်လာသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကျားကိုက်ခံရ၍ မြို့တော်ဝန်ကို လျော်ကြေးတောင်း

လော့စ်အိန်ဂျလိစ် မတ် ၃၁

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုတိရစ္ဆာန်ရုံတွင် လွန်ခဲ့သည့် ဒီဇင်ဘာ ခရစ္စမတ်နေ့၌ ကျားတစ်ကောင်၏ တိုက်ခိုက်မှုခံရပြီး အသက်မသေဘဲ ကျန်ရစ်ခဲ့သော ညီအစ်ကိုနှစ်ဦးက ဆန်ဖရန်စစ္စကိုမြို့တော်ဝန်ထံမှ လျော်ကြေးရလိုမှုဖြင့် အမှုဖွင့် တိုင်တန်းခဲ့ကြောင်း ဆင်ဟွာသတင်းများအရ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျိုဆေးမြို့မှ ကူလ်ဘာနှင့် ပေါလ်ဒါလီဝါတို့ညီအစ်ကိုနှစ်ဦးတို့သည် လှောင်အိမ် အတွင်းမှ လွတ်လာသည့် ဆိုက်ဘေးရီးယားကျားတစ်ကောင်က ခရစ္စမတ်နေ့တွင် ရန်ပြုခဲ့သဖြင့် ဒဏ်ရာများ အပြင်းအထန်ရရှိခဲ့ပြီး စိတ်ချောက်ချားခဲ့ရသည်ဟု တိုင်တန်းထားသည်။ အဆိုပါကျားမှာ ၎င်းညီအစ်ကိုနှစ်ဦး၏ သူငယ်ချင်းဖြစ်သူ အသက် ၁၉ နှစ်ရှိ ကာလို့စ်တူဆာကို ကိုက်သတ်ခဲ့သည်ဟု ဆိုသည်။

ကူလ်ဘာနှင့် ဒါလီဝါတို့မှာ ကျားကိုက်ခံရမှုကြောင့် ဒူးနှစ်ဖက်စလုံးတွင် ဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသခဲ့ရသည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် အင်အားပြင်း ငလျင်လှုပ်

ဂျကာတာ မတ် ၃၁

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း အာချေးပြည်နယ်တွင် ရစ်ချ်တာစကေး ၆ဒသမ ၂အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်တစ်ခု တနင်္ဂနွေနေ့ နံနက်ပိုင်းကလှုပ်ခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ငလျင်၏ဗဟိုချက်သည် အာချေးပြည်နယ် စီနာဘန့်မြို့၏ အနောက်မြောက် ၁၁၃ကီလိုမီတာအကွာတွင်ရှိပြီး ဂျကာတာ စံတော်ချိန် ၁၂နာရီ မိနစ် ၃၀တွင် လှုပ်ခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသမှ တာဝန်ရှိပုဂ္ဂိုလ် ဗီဒါယတ်စကီယာနာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၏ မြောက်ဖျားပိုင်း အာချေးပြည်နယ်တွင် ၂၀၀၄ခုနှစ်က အင်အားပြင်း ငလျင်လှုပ်ခဲ့သဖြင့် ဆူနာမီဒီလှိုင်းများကျရောက်ပြီး လူ ၁၇၀၀၀၀ ကျော်သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိန့်ခွန်းပြောကြား

ဒီမိုကရက်တစ်ပါတီမှဟီလာရီကလင်တန် အင်ဒီယာနာပိုလစ်မြို့တော် အစည်းအဝေးခန်းမတွင် မိန့်ခွန်းပြောကြားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီမိုကရက်တစ်သမ္မတလောင်းကလင်တန် သမ္မတလောင်းအဖြစ်မှ မနုတ်ထွက်ဟုပြောကြား

ဝါရှင်တန်(ပင်ဆယ်ဗေးနီးယား)

မတ် ၃၁

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းဖြစ်သူဟီလာရီကလင်တန် က ကျန် ရှိနေသေးသည့် အခြေခံ ရွေးကောက်ပွဲများနှင့် ယှဉ်ပြိုင်ထားသော ဖလော်ရီဒါနှင့် မီချီဂန်ဒေသများမှ မဲစာရင်းရလဒ်များ ကြေညာပြီးသည့်အထိ ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သည်ဝါရှင်တန်ပို့စ် သတင်းစာသို့ ပြောကြားသည်။အချို့သော ပါတီခေါင်းဆောင်များက ၎င်းအား သမ္မတလောင်းအဖြစ်မှ နုတ်ထွက်ပေးရန် ဖိအားပေးနေစဉ် ဟီလာရီကလင်တန်က တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်သည်။

မိမိတို့ စထားသည့် လုပ်ငန်းများ မပြီးမီအထိနှင့် နောက်ထပ်ကျင်းပမည့် အခြေခံသမ္မတ ရွေးကောက်ပွဲ ၁၀ နေရာမှ ရလဒ်များ မပြီးသေးသည့်အချိန်အထိ မိမိသမ္မတလောင်းအဖြစ် နုတ်ထွက်ရန် ရည်ရွယ်ချက် မရှိသေးဟု ၎င်းက ပြောကြားသည်။

အနိုင်ရရှိ

ဖလော်ရီဒါနှင့် မီချီဂန်မှ ဒီမိုကရက်အမတ်များက ပါတီစည်းကမ်းများချိုးဖောက်ခဲ့ကြပြီးအခြေခံ ရွေးကောက်ပွဲများကိုဇန်နဝါရီလကကျင်းပခဲ့သည်။ သို့ရာတွင် မဲရလဒ်များသည် တရားမဝင်ဖြစ်ခဲ့ရသည်။ ကလင်တန်က အခြေခံရွေးကောက်ပွဲနှစ်ခုတွင် အနိုင်ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်တိုက်ပွဲတွင် သေဆုံးသူတိုးလာ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စနေနေ့က တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ မြင့်တက်လာလျက်ရှိသည်။ ရှီးယိုက်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါး၏ နောက်လိုက်စစ်သွေးကြွများကို အီရတ်တပ်ဖွဲ့က နှိမ်နင်းလျက်ရှိရာ အမေရိကန်တပ်ဖွဲ့များပါ ထိထိရောက်ရောက် ပါဝင်တိုက်ခိုက်လာသည်။

တိုက်ပွဲများ အဆုံးသတ်ရန် ကြိုးပမ်းချက်အဖြစ် ဆာဒါး၏ ကိုယ်စားလှယ်များသည် အီရတ်နိုင်ငံ ရှီးယိုက်ဘာသာ အမြင့်ဆုံး အာဏာပိုင်ဖြစ်သူ ဂရင်းအယာတိုလာအလီ အယ်လ်ဆစ်တာနီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆာဒါး၏ ထိပ်တန်းလက်ထောက်တစ်ဦးက ပြောသည်။ အယ်လ်ဆစ်တာနီက ငြိမ်းချမ်းစွာ ဖြေရှင်းရန် တောင်းဆိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဆာဒါးထိန်းချုပ်ထားရာ လူဦးရေ နှစ်သန်းရှိသော ဆင်းရဲသား ရပ်ကွက်ကြီးတွင် အမေရိကန်လေတပ်မှ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် နှစ်ဖက်တပ်များ တိုက်ပွဲကြောင့် သေဆုံးသူအရပ်သား အနည်းဆုံး ၇၅ ဦးရှိပြီး ၄၅၀ကျော် ဒဏ်ရာရရှိကြောင်း ကျန်းမာရေးဋ္ဌာနကြီးမှူး ဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကွမ်စင်းမိုဟာမက်က ပြောသည်။

ထိုဆင်းရဲသားရပ်ကွက်၏ ဆေးရုံနှစ်ရုံလုံးတွင် လူနာများ ပြည့်လျှံနေပြီး ကျန်းမာရေးဝန်ထမ်းများ မမျှမတ ဖြစ်နေသည်။

အီရတ်ဝန်ကြီးချုပ်က တောင်ပိုင်းမြို့တော် ဘာဆရာတွင် ဆာဒါး၏ နောက်လိုက်များကို စတင်ချေမှုန်းကတည်းက ရေတွက်လျှင် အီရတ်နိုင်ငံ တောင်ပိုင်းနှင့် ဘဂ္ဂဒက်မြို့တွင် ငါးရက်ကြာတိုက်ပွဲ အတွင်း လူ ၂၀၀ ကျော် သေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖိလစ်ပိုင်တွင် အဆောက်အအုံပြိုကျ လူလေးဦးထက်မနည်းသေဆုံး

မနီလာ မတ် ၃၁

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ စီးဘူးပြည်နယ်တွင် ဆောက်လုပ်နေဆဲ သုံးထပ်အဆောက်အအုံတစ်ခု စနေနေ့က ပြိုကျခဲ့သဖြင့် လူလေးဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မတော်တဆဖြစ်မှုသည် စီးဘူးပြည်နယ် ဘာလမ်ဘန် ကျေးရွာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ အက်ဒွပ်တာ လေက ပြောကြားသည်။

လူရှစ်ဦးကို အပျက်အစီးများအောက်မှ ရှာဖွေတွေ့ရှိခဲ့ပြီး အနီးရှိ ဆေးရုံသို့ အလျင်အမြန် တင်ပို့လိုက်ရသည်ဟု ဆိုသည်။ ထိခိုက်ဒဏ်ရာ ရရှိသူနှစ်ဦး ဆေးဝါးကုသမှု ခံယူနေသည်ဟု သိရသည်။

ဆောက်လုပ်ရေးလုပ်သား အများစုသည် အဆောက်အအုံ၏ အပျက်အစီးများအောက်တွင် ပိတ်မိနေဖွယ်ရှိသည်ဟု ဒေသခံသတင်းများအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တန်ဇန်းနီးယား၌ သတ္တုမိုင်းရေလွှမ်းမိုးမှုကြောင့် လုပ်သား ၇၅ ဦး အသက်အန္တရာယ်စိုးရိမ်ရ

နိုင်ရိုဘီ မတ် ၃၁

တန်ဇန်းနီးယားနိုင်ငံ အရုရှားမြို့အနီးရှိ သတ္တုတွင်းတစ်ခုအတွင်း မတ် ၂၉ ရက်က ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာ သတ္တုတွင်းလုပ်သား အနည်းဆုံး ၇၅ ဦး အသက်အန္တရာယ်စိုးရိမ်ရကြောင်း နိုင်ငံပိုင် သတင်းဌာနတစ်ခုက ဖော်ပြခဲ့သည်။

မတ် ၂၉ ရက်က အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များသွားရောက်ကြသည်။ ယင်းဒေသတွင် ရေလွှမ်းမိုးမှုကြောင့် ဓာတ်အားလိုင်းများ ပြိုလဲကျနေကြောင်း၊ အင်ဂျင်နီယာများက ကယ်ဆယ်ရေးအတွက် လျှပ်စစ်ဓာတ်အား ပြင်ဆင်မွမ်းမံရန် ကြိုးစားနေကြောင်း ၎င်းသတင်းဌာနက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

နယူးဒေလီ၌တိုက်ပြို၍ခုနစ်ဦးသေ

နယူးဒေလီ မတ် ၃၁

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့အနောက်မြောက်ပိုင်းတွင်ဆောက်လုပ်လျက်ရှိသော လေးထပ်တိုက်တစ်လုံး စနေနေ့က ပြိုကျရာ ကလေးနှစ်ဦးအပါအဝင် အနည်းဆုံးခုနစ်ဦး သေဆုံးကြောင်း၊ အချို့မှာ ဒဏ်ရာရရှိသွားကြောင်း အေအိုင်အာမှ သတင်းအရဆင်ဟွာက ဖော်ပြသည်။

ပြိုကျနေသော အုတ်ကျိုးအုတ်ပဲ့ကြားမှ လူ ၂၃ ဦးကို ကယ်ထုတ်ခဲ့ရကြောင်း၊ ဒဏ်ရာရရှိသော ခုနစ်ဦးမှာ ဆေးရုံတွင်သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ သေဆုံးသူအများစုမှာ ဆောက်လုပ်ရေးအလုပ်သမားများ ၎င်းတို့၏ မိသားစုများဖြစ်ကြောင်း၊ တိုက်ပိုင်ရှင်သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ထပ်မံပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိမည်ဟု မျှော်လင့် လာအိုနိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းတစ်ဦးအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဆက်လက်ထောက်ခံရပ်တည်မည်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး

လာအိုနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေသည်ကို တွေ့ရှိရသည့်အတွက် အထူးဝမ်းမြောက်မိ အာဆီယံထိပ်သီးညီလာခံကိုသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသ ထိပ်သီးညီလာခံကိုလည်း အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား ဗီယင်ကျန်းမြို့ရှိ Ho Kham သမ္မတနန်းတော်ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Ho Kham သမ္မတနန်းတော်ဧည့်ခန်းမသို့သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ရောက်ရှိ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနဝန်ကြီး Mr. Sitaheng Latsaphone ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)